မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၇)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ် ကြူကြူလှ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညို


သတင်းစာမျက်နှာ - ၁၆ သို့


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း

( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

## နိုင်ငံတော်ရဲ့အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြဖို့ ထပ်လောင်းအသိပေးလို



ချစ်ကြည်လေးစားရပါသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား မိဘပြည်သူများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆယ်နှစ်တစ်ကြိမ်ကောက်ယူရတဲ့ လူဦးရေနဲ့ အိမ်အကြောင်းအရာ


**စာမျက်နှာ ၁၁ ကော်လံ ၁☆**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်)

# နိုင်ငံ့စီးပွားတိုးတက်ရေးနှင့်ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေး

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိသည့် နိုင်ငံဖြစ်သည်။ အဆိုပါစနစ်ကိုကျင့်သုံးနိုင်ရန်အတွက် တပ်မတော်သည်လိုအပ်သည့်အခင်းအကျင်းပေါင်း မြောက်မြားစွာကို စနစ်တကျတည်ဆောက်ပေးထားပြီး ၂၀၁၁ ခုနှစ်တွင် စစ်မှန်၍စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုစတင်လျှောက်လှမ်းစေခဲ့သည်။ တတိယအစိုးရသက်တမ်း အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပသည်။ အဆိုပါ ရွေးကောက်ပွဲတွင် မဲမသမာမှုများစွာဖြစ်ပေါ်ခဲ့သည်။ ဖြစ်ပေါ်ခဲ့သည့်မဲမသမာမှုများကို ခိုင်လုံသော သက်သေအထောက်အထားများစွာဖြင့် ပြည်တွင်း၊ ပြည်ပကသိရှိအောင် သတင်းစာရှင်းလင်းပွဲများ ကျင်းပကာ ပွင့်လင်းမြင်သာစွာပြသခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမဲမသမာမှုသည် စစ်မှန်၍စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုထိခိုက်စေခဲ့သည်။ ထို့ကြောင့်နိုင်ငံတော်တွင်အရေး ပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတစ်ရပ် ပေါ်ပေါက်လာရခြင်းဖြစ်သည်။ အနောက်နိုင်ငံများအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကိုလုပ်ဆောင် ခဲ့ပြီး အထောက်အပံ့ပေးအပ်မှုကိုလည်း လျှော့ချခဲ့သည်။ ထိုသို့စီးပွားရေးပိတ်ဆို့မှုများကြောင့် မိမိတို့နိုင်ငံပိုင်နိုင်ငံခြားငွေများသုံးစွဲမှုမပြုနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကုန်သွယ်မှုများမှရရှိသည့်ငွေများကို အဓိကထားသုံးစွဲနေရခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ယခင်ကပြည်ပမှဝင်နေသည့်ဝင်ငွေများမှာလည်း ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ပချေး ငွေများကို တတ်နိုင်သမျှပြန်လည်ပေးဆပ်လျက်ရှိသည်။ အဓိကအားဖြင့်ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ပသို့ကုန်ပစ္စည်းများပိုမိုတင်ပို့နိုင်မှသာ နိုင်ငံခြားငွေများ တိုးတက်ရရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့်နိုင်ငံတော်အစိုးရအနေဖြင့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ဩဂုတ်လ ၃၀ ရက်နေ့က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ် **"နိုင်ငံ့စီးပွားတိုးတက်ရေးနှင့်ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ သီးနှံများဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရေး မျိုး၊ မြေ၊ ရေ၊ နည်းပညာဟူ သည့် နည်းလမ်း(၄)သွယ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းများတိုးတက်လာမည် ဆိုပါက စိုက်ပျိုးရေးတောင်သူများဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့်နိုင်ငံအတွက် လည်းဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားရေးကိုအထောက်အကူပြုစေမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြား ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စက်မှုကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်နိုင်သည့် ရော်ဘာ၊ ကော်ဖီ၊ ကြံ၊ ဝါနှင့်လက်ဖက်တို့ကို လည်းတိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ၊ နိုင်ငံသားတို့၏လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ သာယာဝပြောမှုရှိလာမည် ဖြစ်သည်။ စီးပွားရေးအားကောင်းလာမည်ဆိုပါက နိုင်ငံတိုးတက်ရေးအတွက် ပိုမိုဆောင်ရွက်နိုင် မည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်သည့်တိုင်းဒေသကြီးဖြစ်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝသည့် လူငယ်များမွေးထုတ်နိုင်မည်ဆိုပါက ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ပြည်သူအားလုံးတွင် တာဝန်ရှိသည်ဟူသော အသိစိတ်ဓာတ်ဖြင့် ကြိုးပမ်းလုပ်ဆောင်ကြမည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက် ရေးနှင့်ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ရေးဆောင်ရွက်ချက်များ ပိုမိုအောင်မြင်မည်ဖြစ်ပေသည်။

အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ သာယာဝပြောမှုရှိလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၂၈) ရက်သာ လိုတော့သည်။**

---

# VRFP စီမံကိန်း ချေးငွေများထုတ်ပေးခြင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နန်းချွန်ကျေးရွာ၌ စတုတ္ထအကြိမ်မြောက်ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ချေးငွေများပြန် လည်ထုတ်ချေးခြင်းကို စက်တင်ဘာလ ၁ ရက်တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဒေါ်ဇာကြည်မွန် နှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ် ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက နန်းချွန်ကျေးရွာရှိ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်း ရန်ပုံငွေကျပ် ၂၅ သန်း လွှဲပြောင်းပေးအပ် သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက နန်းချွန်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်သူ ၂၇ ဦးကို ချေးငွေကျပ် ၁၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၁၅ ဦးကိုချေးငွေကျပ် ၄ ဒသမ ၄ သန်း၊ အရောင်း အဝယ်လုပ်ငန်းဆောင်ရွက်သူ ၂၇ ဦးကိုချေးငွေကျပ် ၉ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၉ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၅ သန်းကို သက်သာသောအတိုးနှုန်းများဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း ဥတ္တရ သီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူး ဒေါ်ဇာကြည်မွန်ထံမှ သိရသည်။

**ကိုညို(ကျေးလက်)**

---

**ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ**

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်း ခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသား ဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂ တစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm




## ကုန်းတွင်းမုန်တိုင်းငယ် တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်း

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်အရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေကို ကာလင်ဂါပတ္တနမ်မြို့ (Kalingapatnam) အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ် (Depression) သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## မြန်မာဗျည်းအက္ခရာများ

(ယမန်နေ့မှအဆက်)



**ဓ / ဒ့ါအောက်ချိုက် /**

**ဓ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်ကိုးလုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဓအောက်ခြိုက်ဟုခေါ်သည်။ ဓအောက်ခြိုက်အက္ခရာ၏ အောက်ဘက်တွင် ခြိုက်နေသဖြင့် ဓအောက်ခြိုက်ဟုခေါ်ခြင်းဖြစ်သည်။ ဗထက်ခြိုက်ဟူသောဗျည်းအက္ခရာလည်းရှိသည်။ ဗထက်ခြိုက် အက္ခရာတွင်မူ ဗထက်ခြိုက်၏ အထက်ဘက်တွင်အခြိုက်မှာ ထင်ရှားသည်။ ဓအောက်ခြိုက်တွင်မူ အမည်အားဖြင့် အောက်တွင်အခြိုက်မထင်ရှားပေ။ ရှေးအခါက ဓအောက်ခြိုက်၏ အောက်ဘက်အခြိုက်မှာ သိသာလောက်အောင် ပေါ်နေသေးသည်။ ယခုအခါတွင်ကား အောက်ဘက်အခြိုက်နေရာတွင် အလုံးအဆန်ဖြစ်နေပေသည်။ ဓ ဗျည်းအက္ခရာကို ဒုတိယကျော်အောင်စံထားဆရာတော်က ဓအောက်ချိုက်ဟုရေးသည်။ ယပင့်ချိုက်နှင့်ပြသည်။ ယခုအခါ ရရစ်ခြိုက်ကို ပြဋ္ဌာန်းသည်။ ဝဏ္ဏဗောဓနသတ်အင်း၊ ကဗျာသာရတ္ထသင်္ဂဟသတ်ပုံ၊ ရတနာကြေးမုံသတ်ပုံတို့ကို အလေးဂရုပြုဟန်တူသည်။ ခေတ်သတ်ပုံကျမ်းများတွင်လည်း ရရစ်ခြိုက်ကို လက်ခံကြသဖြင့် အသုံးတွင်ရာ အရေးကို ပြဋ္ဌာန်းသည်ဟု ဆိုရမည်။ မြန်မာဘာသာတွင် ဎရေမှုတ်နှင့် ဓအောက်ခြိုက် အသံထွက်တူနေသဖြင့် ဎရေမှုတ်နှင့် ဓအောက်ခြိုက်ကို အသံဖြင့်မခွဲနိုင်သောကြောင့် အမည်ဖြင့် ခွဲခြားသတ်မှတ်သည်ဟု ဆိုရမည်။ ဗျည်းတစ်လုံးက ရေမှုတ်နှင့်တူသော ဎ – ဎရေမှုတ်၊ ဗျည်းတစ်လုံးက အောက်ဘက်၌ အခြိုက်ပါသော ဓ – ဓအောက်ခြိုက်။ ဓအောက်ခြိုက်သည် တဝဂ်ဗျည်းငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် တဝဂ်၏ စတုတ္ထက္ခရာ ဟုခေါ်သည်။ သံထင်သံတင်းဗျည်းဖြစ်သည်။ သံပြင်းသံတင်းဗျည်းဟုလည်းဆိုသည်။ ဓ သည် ပါဠိဘာသာတွင် ဒန္တဇအက္ခရာဖြစ်သည်။ မြန်မာဘာသာတွင်မူ မုဒ္ဓဇအက္ခရာဖြစ်သည်။ လျှာထိပ်ဌာန်တွင်ဖြစ်သည်။ ဓ နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဓအောက်ချိုက် (ဓအောက်ခြိုက်) အက္ခရာ၌လည်း သံယုဂ်ရှိမှဲ့မထူး။ အချို့သောသူတို့သည် အောက်ချိုက်ဟူသည်နှင့်လျော်စွာ အောက်အပြင်ကို ညွှတ်ဝင်စေလျက် ချိုက်၍ ရေးကုန်၏။ အချို့သောသူတို့ကား မ အက္ခရာ၏ မျက်နှာဝအထက်အပြင်ကို ပိတ်စပ်သော အသွင်ဖြင့်သာရေးကုန်၏။ ထိုတွင် အောက်အပြင်ကို ဝင်ညွှတ်စေသည်မှာ ဓအောက်ချိုက်ဟူသော အမည်နှင့်လည်းလျော်၏။ ရှေးသူဟောင်းတို့ အသုံးအစွဲလည်းများ၏။ မ ၏ မျက်နှာဝကို ပိတ်၏သို့ ရေးသည်မှာလည်း အမည်နှင့်မလျော်ဆိုရပါသည်သာ။ တစ်ပါးအက္ခရာအသွင်တူမရှိသောကြောင့် ထွေးယှက်ဖွယ်မရှိ။ သိသာလေသောကြောင့် နှစ်သက်သည်။ ရေးလွယ်သည်သာ အကြောင်းဖြစ်သည်” ဟုရှင်းပြထားပါသည်။

**ဓအောက်ခြိုက်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**န / နွ့ငယ် /**

**န** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် အလုံးနှစ်ဆယ်မြောက် ဗျည်းအက္ခရာဖြစ်သည်။ နငယ်ဟုခေါ်သည်။ ဏကြီးအက္ခရာနှင့်နှိုင်းဆလျှင် ပမာဏငယ်သဖြင့် နငယ်ဟုခေါ်ခြင်းဖြစ်သည်။ ရှေးကျောက်စာမင်စာများတွင် နငယ်သည်အခြားအက္ခရာ တော်တော်များများအောက် ငယ်သည်ကိုလည်း တွေ့ရသည်။ နငယ်သည် တဝဂ်ဗျည်းအက္ခရာငါးလုံးတွင် ပဉ္စမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် တဝဂ်၏ ပဉ္စမက္ခရာဟုခေါ်သည်။ နငယ်သည် တဝဂ်တွင် နောက်ဆုံးဗျည်းဖြစ်သဖြင့်လည်း ဝဂ္ဂန္တအက္ခရာဟုဆိုပြန်သည်။ သံထင်သံလျော့ဖြစ်သည်။ သံပြင်းသံလျော့ဟုလည်းဆိုသည်။ န သည် ပါဠိဘာသာတွင် ဒန္တဇအက္ခရာဖြစ်သည်။ မြန်မာဘာသာတွင်မူ နငယ်ကို ဏကြီးနှင့်အတူ အသံထွက်ရွတ်ဆိုပြီးဏကြီးအသံဖြစ်ရာ ဌာန်တွင် အသံထွက်သဖြင့် မုဒ္ဓဇအက္ခရာဟုဆိုရသည်။ ယခုခေတ် သဒ္ဒဗေဒကျမ်းများတွင် သွားရင်းဖြစ်ဗျည်းဟုဆိုသည်။ ဌာန်အမည်ကွဲသော်လည်း နေရာတူဟန်ရှိသည်။ နငယ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “နငယ်အက္ခရာ၌လည်း သံယုဂ်ရှိမှဲ့ မထူးသင့်ပြီ။ အချို့ကား ဦးခေါင်းမဲ့အခွေအလိပ်တွင် အမြီး အခြေထွက်ကာသာရေးကုန်၏။ အချို့ကား န ဒွေးဘော်တွင် အောက်ဆွဲသည်ကိုသာ အပိုဆင့်မြင့်မားလွန်းအံ့ထင်၍ ဦးခေါင်းမဲ့ ရေးကုန်၏။ ည အက္ခရာ၌ ဆိုခဲ့ပြီးသောအတိုင်း မင်္ဂလာယူရဖွယ် ရှိသောကြောင့်လည်းကောင်း၊ ရှေးသူဟောင်းတို့ တပ်၍သာ၊ အသုံးအစွဲများသောကြောင့်လည်းကောင်း၊ သာရုပ္ပရှိသောကြောင့်လည်းကောင်း မသာမယာသောအခါ ရေးရပေသော်လည်း အသာအယာ အတင့်အတယ်နေရာ၌ ဦးခေါင်းရှိရေးရာမှာ သင့်နိုး၏။ ဦးခေါင်းတပ်သောအရာတွင် င အက္ခရာကဲ့သို့ နောက်သို့ မျက်နှာဝ အကွေးအငယ်ထင်စေ၍ ရေးရမည့်အတွက်ကို ပဋ္ဌမံဗိန္ဒုမေဝစ ဟူသော စကားကိုလိုက်၍ ဝ အက္ခရာကဲ့သို့ အချို့ရေးကုန်၏။ထိုဗိန္ဒုကဲ့သို့ ရှေးဦးစ၍ ရေးခြင်း၌ ထိုဆိုတိုင်း ရေးသောကြောင့် အကျိုးမဲ့ရေးသော်လည်း အပြစ်ကို အထူးမထင်” ဟု ရှင်းပြထားပါသည်။

ထို့ပြင် **နကောင်း၊ နကန်း** ဟူသော စကားနှင့် ပတ်သက်၍လည်း ဆရာတော်က ရှင်းပြခဲ့ပါသေးသည်။ ဆရာတော်က “နမော စသော ပုဒ်၌ န ကား **နကန်း**၊ နတ္ထိ စသော ပုဒ်၌ န ကား **နကောင်း**ဟူ၍ ခွဲ၍ဆိုကုန်၏” ဟူ၍လည်းကောင်း၊ “န အက္ခရာ၌ အနက်မြင်သည်ကို **နကောင်း**၊ မမြင်သည်ကို **နကန်း** ဟူသောစကားသည် သဘောယုတ္တိရှိသည်ဖြစ်၏” ဟူ၍လည်းကောင်း မိန့်မှာခဲ့ပါသည်။

အထူးသတိပြုရန်မှာ နငယ်ကို တစ်ချောင်း၊ နှစ်ချောင်းငင်ရာတွင် (နု၊ နူ) လည်းကောင်း၊ တ ထ ဒ ဓ န တို့နှင့် ဆင့်ရာတွင် (န္တ၊ န္ထ၊ န္ဒ၊ န္ဓ၊ န္န ) လည်းကောင်း၊ ယပင့်၊ ဝဆွဲ၊ ဟထိုးတို့နှင့် ယှဉ်ဖက်ရာတွင် (နျ၊ နွ၊ နှ၊ နွှ ) လည်းကောင်း နငယ်အမြီးကို တိုစေလျက် ရှေ့ဘက်သို့ လွှဲထုတ်ပြီး ရေးဆွဲရန်ဖြစ်ပေသည်။

**နငယ်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ပ / ပ့ါဇောက် /**

**ပ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်တစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ပစောက်ဟုခေါ်သည်။ အစောက်ပါသော ပ ဟုဆိုလိုသည်။ ပစောက်၏သဏ္ဌာန်သည် ခပ်ပျပ်ပျပ် မဟုတ်၊ ခပ်စောက်စောက်ဖြစ်သည်ကို ပေါ်လွင်စေသော အမည်ဖြစ်သည်။ ပစောက်သည် ပ ဖ ဗ ဘ မ ဟူသော အက္ခရာငါးလုံးဖြစ်သည့် ဝဂ်ဗျည်းများကို ဦးဆောင်သည့်ဗျည်းဖြစ်သည်။ ထို့ကြောင့် ပ ဖ ဗ ဘ မ ဟူသော ဝဂ်ဗျည်းငါးလုံးကို ပဝဂ်ဗျည်းများဟု ခေါ်သည်။ ထိုဝဂ်ဗျည်းများတွင် ပစောက်သည် အဦးအစ ပထမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ပ ကို ပဝဂ်၏ ပထမက္ခရာဟုဆိုသည်။ သံနု့ သံလျော့ဗျည်းဖြစ်သည်။သံညင်းသံလျော့ဗျည်းဟုလည်း ဆိုကြသည်။ ပါဠိဝေါဟာရအရ အဃောသသိထိလအက္ခရာဖြစ်သည်။ ပါဠိဘာသာတွင်လည်း ဩဋ္ဌဇအက္ခရာ၊ မြန်မာဘာသာတွင်လည်း ဩဋ္ဌဇအက္ခရာပင်ဖြစ်သည်။ နှုတ်ခမ်းဌာန်ဖြစ် အက္ခရာဟု ဆိုလိုသည်။ ပ နှင့် ဖ တွင် ပ သည် သုဒ္ဓဗျည်း ဖ သည် ကာရိုက်ဗျည်းဖြစ်သည်။ ပစောက်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ပစောက် အက္ခရာ၌ကား သံယုဂ်ရှိမှဲ့ မထူးသည်သာများ၏။ အချို့သောသူတို့သည် သဒိသဖြစ်သော ဒွေးဘော်တွင် အောက်၌တည်သော ပ ကို ခွေးအက္ခရာမှာကဲ့သို့ အထက်ပနှင့်နောက်အဖို့ အတန်ငယ်ခြား၍ အောက်သို့ငင်ပြီးမှ ရှေ့သို့ခွေပတ်၍ ရေးသည်ကား မသင့်နိုး။ အဘယ်ကြောင့်နည်းဟူမူကား ပစောက်အက္ခရာရှေ့အစွန်းသည် ခွေ၍ ဝင်သည်မဟုတ်သောကြောင့် မသင့်လေ” ဟု ရှင်းပြထားပါသည်။


**ပစောက်**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ဖ / ဖ့ါအုတ်ထုတ် /**

**ဖ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်နှစ်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဦးထုပ်နှင့်သဏ္ဌာန်တူသော ဖ ဟုဆိုလိုသည်။ ဦးထုပ်ဆိုသည်မှာ ယနေ့လူအများဆောင်းနေသော ဦးထုပ်ပင်ဖြစ်မည်လော၊ ဦးခေါင်းကို ရစ်ပတ်သိမ်းထုပ်ထားသော ပုံသဏ္ဌာန်ရှိ အရာကိုပင် ခေါ်မည်လော စဉ်းစားဖွယ်ဖြစ်ပါသည်။ ပ ဖ ဗ ဘ မ ဟူသော ပဝဂ်ဗျည်းငါးလုံးတွင် ဒုတိယဗျည်းဖြစ်သည်။ ထို့ကြောင့် ပဝဂ်၏ဒုတိယက္ခရာဟုခေါ်သည်။ သံနု့သံတင်းဗျည်းဖြစ်သည်။ သံညင်းသံတင်းဟုလည်း ခေါ်သေးသည်။ ပ နှင့် ဖ တွင် ပ သည် သုဒ္ဓဗျည်း၊ ဖ သည် ကာရိုက်ဗျည်းဖြစ်သည်။ ပါဠိဝေါဟာရအရ အဃောသဓနိတဟု ခေါ်သည်။ နှုတ်ခမ်းဌာန်တွင်ဖြစ်သည်။ ဖဦးထုပ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဖဦးထုပ် (ဆရာတော်က ဖအုပ်ထုပ်ဟုရေးသည်။) အက္ခရာ၌ကား ဒွေးဘော်ဖြစ်သောအခါ ပစောက်အက္ခရာ၊ မ အက္ခရာတို့၏ အောက်၌သာ ဆွဲသင့်သောကြောင့် အချို့သဖြင့် အသွင်ဖောက်ရာ၏။ ထိုပစောက်အက္ခရာ၏ အောက်၌ဆွဲသောအခါ ပစောက်အက္ခရာမှာကဲ့သို့ အောက်သို့ဝင်၍ ခွေညွှတ်ခြင်းသည် မသင့်။ မသင့်ဟန်ကား ပစောက်အက္ခရာနှင့်အတူ ရှေ့အစွန်းခွေပတ်၍ ဝင်လိုသည် မဟုတ်သောကြောင့် မသင့်ဖြစ်၏” စသည်ဖြင့် မှာထားပါသည်။

**ဖဦးထုပ်**သည် စုတ်ချက်သုံးချက်ဆွဲ အက္ခရာဖြစ်သည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြစဉ်။

**⁜ လမ်းမကြီးများနှင့်ပတ်သက်၍လမ်းမကြီးများဥပဒေနှင့်အညီလမ်းဧရိယာ၊ လမ်းနယ်များသတ်မှတ်ပေးထားပြီးဖြစ်၍ဒေသအလိုက်လမ်းများအားလမ်းအင်္ဂါရပ်များနှင့်ညီညွတ်စေရေးဆောင်ရွက်ရာတွင်လမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းများကို စနစ်တကျထည့်သွင်း၍ ရေထုတ်စနစ်များဆောင်ရွက်ရန်လို၊ ရေထုတ်စနစ်များကောင်းမွန်မှသာ ရေကြီးရေလျှံခြင်းများကိုလျော့ပါးစေမည်ဖြစ်. . .**

**⁜ လယ်မြေများကိုအခြားနည်းများဖြင့်သုံးစွဲခြင်းများကြောင့်စိုက်ပျိုးမြေများ လျော့နည်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုများကို ထိခိုက်စေနိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြေယာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လို . . .**

⏭ ကျောဖုံးမှအဆက်

ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဗိုလ်ချုပ်ကြီးညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား အသီးသီးရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးနှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်း အောင်မြင်စေရေးဆောင်ရွက်လျက်ရှိမှုနှင့် ဒေသအလိုက်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား အသီးသီးရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများမှ မိုးရာသီကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်သည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှုနှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရန်လိုအပ်မှု၊ စိုက်ပျိုးရေများကို အကျိုးရှိစွာအသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တောင်သူလယ်သမားများ စိုက်ပျိုးရေးအသိပညာများ သိရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် စပါးစိုက်ခင်းများအတွက် မျိုးစပါးများပံ့ပိုးပေးနိုင်မှု၊ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ဥစားကြက်၊ အသားစားကြက်နှင့် နို့စားနွားများ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုပြန်လည်ဆွေးနွေးပြောကြားကြသည်၊

**ဖြည့်စွက်ဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းမကြီးများနှင့်ပတ်သက်၍ လမ်းမကြီးများဥပဒေနှင့် အညီ လမ်းဧရိယာ၊ လမ်းနယ်များသတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ လမ်းမကြီးများဥပဒေနှင့် သတ်မှတ်ထားသည့် လမ်းနယ်များနှင့်မလွတ်ကင်းသည့် နေရာများမှ မြေများအား ဂရန်သက်တမ်းတိုးခြင်းများကို ကန့်သတ်ရန်လိုကြောင်း၊ ဒေသအလိုက် လမ်းများအား လမ်းအင်္ဂါရပ်များနှင့်ညီညွတ်စေရေး ဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းများကို စနစ်တကျထည့်သွင်း၍ ရေထုတ်စနစ်များ ဆောင်ရွက်ရန်လိုကြောင်း၊ ရေထုတ်စနစ်များကောင်းမွန်မှသာ ရေကြီးရေလျှံခြင်းများကို လျော့ပါးစေမည်ဖြစ်ကြောင်း။

မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများအပေါ်၌ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ မြေယာများရယူထားမှုများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေများကို အခြားနည်းဖြင့်သုံးစွဲရန်အတွက် တိုင်းဒေသကြီးအဆင့်ဖြင့် ဆောင်ရွက်၍ရသော်လည်း လယ်မြေများကို အခြားနည်းဖြင့် **စာမျက်နှာ ၆ သို့ ⏭**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြစဉ်။

**■ စီးပွားရေးနှင့် နိုင်ငံရေးသည် အပြန်အလှန်အမှီသဟဲပြုနေခြင်းဖြစ်ပြီး နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိ...**

**■ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ နိုင်ငံရေးစနစ်အမျိုးမျိုးကိုကျင့်သုံးခဲ့၊ နိုင်ငံရေးစနစ်များ ပြောင်းလဲကျင့်သုံးမှုနှင့်အတူ စီးပွားရေးစနစ်များလည်း ပြောင်းလဲကျင့်သုံးမှုများရှိခဲ့၊ စီးပွားရေးတွင် တိုးတက်မှုများရှိသကဲ့သို့ ထိုက်သင့်သလောက်အောင်မြင်မှုမရှိခဲ့သည်များလည်းရှိ၊ စီးပွားရေးအားနည်းချက်များဖြစ်ပေါ်မှုများကြောင့် နိုင်ငံရေးပြဿနာများဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်၊ ခေတ်အဆက်ဆက်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အားသာချက်များ၊ အားနည်းချက်များကို သင်ခန်းစာယူဖော်ထုတ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

⏭ စာမျက်နှာ ၅ မှအဆက်

ပြောင်းလဲသုံးစွဲမှုများကို နိုင်ငံတော်အစိုးရထံ ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ လယ်မြေများကို အခြားနည်းများဖြင့်သုံးစွဲခြင်းများကြောင့် စိုက်ပျိုးမြေများလျော့နည်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြေယာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မြေလွတ်မြေရိုင်းများနှင့် လယ်ယာမြေပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ဥပဒေများကို ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်များနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှု စာရင်းများအရ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့် ရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် အများစုအနေဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်၍ ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများရရှိအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်၊ ကျေးရွာ ရပ်ကွက်များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဖတ်ခြင်း၊ မှတ်ခြင်း၊ ဆွေးနွေးခြင်းများရှိမှသာ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာတတ်များပေါ်ကြွယ်ဝရေး ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

### နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများကို တွေ့ဆုံရခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားနိုင်ရန်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလိုလားကြကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံရေးတည်ငြိမ်အေးချမ်းပြီး ပြည်သူများအနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် နိုင်ငံရေးသည် အပြန်အလှန် အမှီသဟဲပြုနေခြင်းဖြစ်ပြီး နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ နိုင်ငံရေးစနစ်အမျိုးမျိုးကိုကျင့်သုံးခဲ့ကြောင်း၊ နိုင်ငံရေးစနစ်များပြောင်းလဲကျင့်သုံးမှုနှင့်အတူ စီးပွားရေးစနစ်များလည်း ပြောင်းလဲကျင့်သုံးမှုများရှိခဲ့ကြောင်း၊ စီးပွားရေးတွင် တိုးတက်မှုများရှိသကဲ့သို့ ထိုက်သင့်သလောက်အောင်မြင်မှုမရှိခဲ့သည်များလည်းရှိကြောင်း၊ စီးပွားရေးအားနည်းချက်များ ဖြစ်ပေါ်မှုများကြောင့် နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပြီး စီးပွားရေးကျဆင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းများကြောင့်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အားသာချက်များ၊ အားနည်းချက်များကို သင်ခန်းစာယူဖော်ထုတ်၍ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### စားရေရိက္ခာဖူလုံရေးနှင့် လူတစ်ဦးချင်းစီအလိုက် စားရေး၊ နေရေး၊ ဝတ်ရေးတို့ အဆင်ပြေစေရေး ဆောင်ရွက်ပေးနိုင်ရန်လို

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းကို အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီတွင် စားရေး၊ ဝတ်ရေး၊ နေရေးဟူ၍ရှိပြီး အားလုံးအဆင်ပြေနေစေရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စားနပ်ရိက္ခာထုတ်လုပ်သည့်နိုင်ငံဖြစ်သဖြင့် စားရေးနှင့်ပတ်သက်၍ အခက်အခဲမရှိကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်တွင်လည်း စားရေရိက္ခာဖူလုံရေးပါဝင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဒေသဝမ်းစာဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး စားရေရိက္ခာဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဝတ်ရေးနှင့်ပတ်သက်၍ လူတိုင်းသည် အဝတ်အထည်များကို မဖြစ်မနေအသုံးပြုရကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့်နိုင်ငံဖြစ်သဖြင့် ပြည်တွင်း၌ ဝါများလုံလောက်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအတွက်လည်း မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါမှ ဝါဂွမ်း၊ ချည်၊ ပိတ်နှင့် ချည်ထည်များ အဆင့်ဆင့်ထုတ်လုပ်ရကြောင်း၊ ဝါကို အဓိကစိုက်ပျိုးသည့်ဒေသများ၌ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

စားဝတ်နေရေးတွင် စားရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကုန်ဈေးနှုန်းများသည် ထိုက်သင့်သည့်ဈေးနှုန်းထက် များပြားနေသည်ကိုတွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေများရရှိစေရေး ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြည်ပနှင့် အကြောင်းအမျိုးမျိုးဖြင့် ဆက်သွယ်ဆောင်ရွက်မှုများပြားလာခြင်းကြောင့် နိုင်ငံခြားငွေများလိုအပ်ချက်ရှိလာကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုများနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် မူဝါဒများချမှတ်၍ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်အစိုးရများအဆက်ဆက်က ပြည်ပမှချေးယူခဲ့သည့် ပြည်ပချေးငွေများကိုလည်း မိမိတို့အနေဖြင့် ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ နိုင်ငံခြားဝင်ငွေများရရှိရေးအတွက်ပြည်ပရောင်းတမ်းဝင်သည့် ထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အဆိုပါထုတ်ကုန်များကို ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၇ သို့ ⏭

■ နိုင်ငံခြားငွေသုံးစွဲမှုများနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် မူဝါဒများ ချမှတ်၍ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိ၊ ယခင်အစိုးရများအဆက်ဆက်က ပြည်ပမှချေးယူခဲ့သည့်ပြည်ပချေးငွေများကိုလည်း မိမိတို့အနေဖြင့် ပြန်လည်ပေးဆပ်လျက်ရှိ၊ နိုင်ငံခြားဝင်ငွေများရရှိရေးအတွက် ပြည်ပရောင်းတမ်းဝင်သည့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်လို . . .

■ မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အထောက်အကူရစေရန် လာမည့်အောက်တိုဘာလ ၁ ရက်မှစတင်၍ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကိုကောက်ယူသွားမည်ဖြစ်၊ သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံအတွက် များစွာအကျိုးရှိသည့်လုပ်ငန်းရပ်ဖြစ်ပြီး ရရှိလာသည့်အချက်အလက်များအပေါ်မူတည်၍ နိုင်ငံ့အကျိုးအတွက် များစွာစီမံဆောင်ရွက်နိုင်မည်ဖြစ် . . .

■ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်များကျေပွန်စွာထမ်းဆောင်၍ မိမိတို့ တာဝန်ကျရာနေရာများအလိုက် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို တတ်စွမ်းသရွေ့ဖော်ဆောင် . . .

⏭ စာမျက်နှာ ၆ မှအဆက်

ထိုသို့ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့်လည်း စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ထောက်ပံ့ကြေးများတိုးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ မှန်မှန်ကန်ကန်ရရှိစေရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

### ပညာရေး၊ ကျန်းမာရေး

ပညာရေးနှင့်ပတ်သက်၍ ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအရ ပညာခေတ်၊ IT ခေတ်တွင်လူတိုင်း အလယ်တန်းအဆင့်အထိ ပညာတတ်မြောက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် သယံဇာတများကို အကျိုးရှိထိရောက်စွာဖြင့် အသုံးချနိုင်ရန် ပညာတတ်သည့် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည်မြင့်မားစေရေး KG + 9 အထိ မသင်မနေရစနစ်ကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများ အလုံအလောက်ခန့်အပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ စာသင်ကျောင်းများအနေဖြင့်လည်း အဆင့်မီသည့် ကျောင်းများဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများကို သတ်မှတ်ထားသည့် ကျောင်းအင်္ဂါရပ်များနှင့်အညီဖြစ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးကောလိပ်များတွင် ဆရာ၊ ဆရာမများ သင်တန်းအပြည့်အဝတက်ရောက်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားပေးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေးအတွက် အချိန်ပိုများဖြင့် သင်ကြားပေးရန်လိုကြောင်း။

### မိမိတို့ကျရာကဏ္ဍအလိုက်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်၍ နိုင်ငံ့အကျိုးကိုဖော်ဆောင်ကြရန်လို

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အထောက်အကူရစေရန် လာမည့် အောက်တိုဘာလ ၁ ရက်မှစတင်၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံအတွက် များစွာအကျိုးရှိသည့်လုပ်ငန်းရပ်ဖြစ်ပြီး ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ နိုင်ငံ့အကျိုးအတွက် များစွာစီမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံကောင်းမွန်စေရေးအတွက် နိုင်ငံ့အရေးကို ဆောင်ရွက်ရမည်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်များကျေပွန်စွာထမ်းဆောင်၍ မိမိတို့ တာဝန်ကျရာနေရာများအလိုက် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကိုတတ်စွမ်းသရွေ့ ဖော်ဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

## မုဒုံမြို့၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေး

**မုဒုံ စက်တင်ဘာ ၁**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ဩဂုတ်လ ၃၁ ရက်တွင် မြို့နယ်ဦးစီးမှူးရုံး၌ ပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဆန်းဦးကကြီးကြပ်၍ ဝန်ထမ်းများက နီးပဒေါကျေးရွာအုပ်စု အ.ထ.က(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးကို အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးသည်။

မုဒုံမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ရပ်ကွက်/ကျေးရွာများရှိ ဒေသခံပြည်သူများအား အသက် ၁၀ နှစ်ပြည့် နိုင်-၃ (က)၊ အသက် ၁၈ နှစ်ပြည့် နိုင်-၆ (က) နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းများကို သတ်မှတ်ရက်များအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

---

## မြို့သစ်မြို့နယ်၌ မိုးနှမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိ

**မကွေး စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ရုံးတော၊ ဝါးကြီးအိုင့်၊ ကွင်း၊ ဖန်ခါးပင်နှင့် ငွေလေးစသည့်ကျေးရွာတို့၌ မိုးနှမ်းသီးနှံစုစုပေါင်းစိုက်ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထားရှိရာ ယခုအခါ မိုးနှမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

မိုးနှမ်းကို မိုးဦးကျကာလဖြစ်သည့် မေလဆန်းတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လဆန်းမှ စတင်၍ ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းနက်(စမုန်)၊ နှမ်းဖြူ(ဂျပန်)၊ နှမ်းဖြူ(ခြုံ)နှင့် နှမ်းနီမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၇၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်း အနေဖြင့် တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

နှမ်းသီးနှံများကို မကွေးမြို့၊ နတ်မောက်မြို့၊ မြို့သစ်မြို့နှင့် တောင်တွင်းကြီးမြို့တို့ရှိ ပွဲရုံများနှင့် နှမ်းလှော်ဖိုလုပ်ငန်းများသို့ ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့သို့ ရောင်းချကြကြောင်း၊ နှမ်းအထွက်နှုန်း အနည်းငယ် လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

---

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၁၆ | မေတ္တာပို့ |
| ၃။ | ၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၈:၂၀ | ရွှေဟောင်းသုတ |
| ၆။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၀:၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈။ | ၁၀:၃၅ | သီချင်းလက်ဆောင် |
| ၉။ | ၁၀:၄၅ | Liked |
| ၁၀။ | ၁၂:၃၀ | လူတိုင်းကျန်းမာ သိမှတ်စရာ |
| ၁၁။ | ၁၄:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း (၇-စနာရီ)(Rep)** |
| ၁၂။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿသင်္ဂဟော** |

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| လပွတ္တာ | ၂ | ဒသမ | ၄၈ | လက်မ |
| ငပုတော | ၂ | ဒသမ | ၃၈ | လက်မ |
| ဟဲဟိုး | ၂ | ဒသမ | ၂၄ | လက်မ |
| ဒေးဒရဲ | ၂ | ဒသမ | ၂၄ | လက်မ |
| မြောင်းမြ | ၂ | ဒသမ | ၂၀ | လက်မ |
| ကျောက်ဆည် (လွန်ကျော်) | ၂ | ဒသမ | ၀၁ | လက်မ |
| ပြင်ဦးလွင် | ၁ | ဒသမ | ၅၄ | လက်မ |
| ကွမ်းခြံကုန်း | ၁ | ဒသမ | ၅၄ | လက်မ |
| တောင်ငူ | ၁ | ဒသမ | ၃၀ | လက်မ |
| လှိုင်းဘွဲ့ | ၁ | ဒသမ | ၃၀ | လက်မ |
| ပိုင်ကျုံ | ၁ | ဒသမ | ၃၀ | လက်မ |

# သွေးလေးဖက်နာရောဂါသည်များ ရှောင်ကြဉ်သင့်သည့်အချက်များ

ဒေါက်တာလွင်သန့်

သွေးလေးဖက်နာရောဂါဆိုတာ နာတာရှည် အဆစ်ရောင်မှုကို ခံစားရတဲ့ရောဂါတစ်ခုဖြစ်ပြီး ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်က အရိုးအဆစ်တွေကို တိုက်ခိုက်တာကြောင့် နာကျင်မှု၊ ရောင်ရမ်းမှုနဲ့ မောပန်းနွမ်းနယ်မှုတို့ ခံစားရတတ်ပါတယ်။ ရောဂါခံစားနေရတာကိုသိရှိတာနဲ့ စောစောစီးစီးကုသမှုခံယူပြီး အရိုးအဆစ်တွေ ပျက်စီးထိခိုက်မှုမရှိအောင် ကာကွယ်နိုင်ပါတယ်။ သွေးလေးဖက်နာရောဂါ ပိုမိုဆိုးရွားစေတဲ့အချက်တွေကို ရှောင်ကြဉ်နိုင်စေဖို့ ဖော်ပြပေးပါမယ်။

ဆေးလိပ်မသောက်သင့်ပါဘူး။ ဆေးလိပ်သောက်တာက သွေးလေးဖက်နာရောဂါရှိသူတွေမှာ အရိုးအဆစ်ရောင်ရမ်းနာကျင်မှုကို ပိုဆိုးစေပါတယ်။ ဒါ့ပြင် ကုသရာမှာလည်း ခက်ခဲမှုတွေဖြစ်စေတယ်လို့ ကော်လိုရာဒိုဆေးတက္ကသိုလ်မှ အရိုးအဆစ်ဆေးပညာသမားတော်ဒေါက်တာကီဖင်က ပြောကြားထားပါတယ်။ သုတေသီတွေရဲ့ လေ့လာမှုအရ သွေးလေးဖက်နာရောဂါရှိသူတွေအနေနဲ့ ဆေးလိပ်သောက်ပါက ကုသတဲ့မီသိုထရက်ဆိတ်(methotre-xate) ဆေးဝါးရဲ့ ထိရောက်မှုကို လျော့နည်းစေတယ်လို့ တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် မိမိမှာ သွေးလေးဖက်နာရောဂါရှိရင် ဆေးလိပ်ဖြတ်သင့်ပါတယ်။

ခန္ဓာကိုယ်အလေးချိန်ကို ပုံမှန်ဖြစ်အောင် ထိန်းသိမ်းသင့်ပါတယ်။ ကိုယ်အလေးချိန်များသူတွေမှာ ခန္ဓာကိုယ်ရဲ့ အရိုးအဆစ်တွေက သယ်မထားရလို့ ကြာရှည်လာတဲ့အခါ အရိုးအဆစ်အပေါ် ထိခိုက်မှုဖြစ်စေပါတယ်။ သွေးလေးဖက်နာရှိသူတွေအနေနဲ့ ကိုယ်အလေးချိန်များနေပါက ရောဂါလက္ခဏာတွေ ပိုဆိုးစေပါတယ်။ ဒါ့ပြင် နှလုံးရောဂါနဲ့ တခြားရောဂါတွေဖြစ်နိုင်ခြေ ပိုများစေပါတယ်။ ဥရောပမှာပြုလုပ်တဲ့လေ့လာမှုအရ အဝလွန်သူတွေက သွေးလေးဖက်နာရောဂါခံစားရတဲ့အခါ ရောဂါလက္ခဏာတွေ ပိုဆိုးစေပြီး ကိုယ်အလေးချိန်ပုံမှန်ဖြစ်အောင် ထိန်းသိမ်းတာက ရောင်ရမ်းမှုတွေကို လျော့နည်းစေတာတွေ့ရပါတယ်။

Omega-3 အဆီလုံလောက်စွာစားပေးပါ။ ပြည့်ဝဆီတွေစားသုံးတဲ့အခါ ခန္ဓာကိုယ်ထဲက အင်ဇိုင်းရဲ့ တုံ့ပြန်မှုကြောင့် အဆစ်ရောင်ရမ်းမှုတွေ ခံစားရတတ်ပါတယ်။ ဒါကြောင့် ရောင်ရမ်းမှုလျော့နည်းစေတဲ့ Omega-3 ပါဝင်မှုများတဲ့ အစားအစာတွေစားသုံးပေးဖို့လိုပါတယ်။ Omega-3 နဲ့ Omega -6 စားသုံးမှု မညီမျှပါက အဆစ်ရောင်ရမ်းမှုတွေဖြစ်စေပြီး သွေးလေးဖက်နာရောဂါလက္ခဏာကို ပိုဆိုးစေပါတယ်။ အဆစ်ရောင်ရမ်းမှုတွေလျော့နည်းစေဖို့ Omega-3 အဆီပိုစားပြီး Omega-6 အဆီလျှော့စားသင့်တယ်လို့ လေ့လာမှုအရ သိရပါတယ်။ အနီရောင်အသားတွေကို လျှော့စားပြီး ဟင်းသီးဟင်းရွက်အဆီ၊ ငါးစတာတွေနဲ့ Omega-3 ဖြည့်စွက်တဲ့အစာတွေ စားသုံးသင့်ပါတယ်။

ဆီကြော်စာနဲ့ အသင့်အမြန်စားအစာတွေ စားသုံးမှုကိုရှောင်ပါ။ အဆင့်ဆင့်ပြန်ကြော်ထားတဲ့အစားအစာတွေ၊ အသင့်အမြန်စားအစာတွေ စားသုံးတာက ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုတွေဖြစ်စေလို့ သွေးလေးဖက်နာရောဂါလက္ခဏာကို ပိုဆိုးစေပါတယ်။ အဲဒီအစားအစာတွေစားသုံးမယ့်အစား အဆီများတဲ့ငါး၊ ဟင်းသီးဟင်းရွက်နဲ့ အစေ့အဆန်တွေကို စားသုံးသင့်ပါတယ်။

"စိတ်ဖိစီးမှုမဖြစ်အောင် နေထိုင်ပါ။ စိတ်ဖိစီးမှုများတဲ့ နေထိုင်မှုပုံစံက ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို ပြောင်းလဲစေလို့ အဆစ်နာကျင်မှုကို ပိုဆိုးစေပါတယ်။ သုတေသီတွေက စိတ်ဖိစီးမှုနဲ့ သွေးလေးဖက်နာအကြောင်း လေ့လာခဲ့ရာမှာ အမှန်တကယ်ဆက်စပ်မှုရှိတာကိုတွေ့ရှိခဲ့ပါတယ်။ စိတ်ဖိစီးမှုကို လျော့နည်းစေတဲ့ တရားထိုင်တာ၊ ယောဂကျင့်တာတွေ ပြုလုပ်ပေးသင့်ပါတယ် . . ."

ရောဂါကုသမှု နောက်ကျခြင်းဖြစ်နိုင်ပါတယ်။ သွေးလေးဖက်နာရောဂါရဲ့ အစောဆုံးလက္ခဏာတွေ တွေ့ရှိကတည်းက ဆရာဝန်ထံပြသပြီး ကုသမှုတွေဆောင်ရွက်သင့်ပါတယ်။ အဆစ်ရောင်ရမ်းနာကျင်မှုခံစားရတဲ့အခါ ပိုမိုဆိုးရွားတဲ့အခြေအနေမရောက်မီ ကုသမှုခံယူဖို့လိုအပ်ပါတယ်။ ဒါမှသာ ရောဂါသက်သာမှုမြန်ဆန်စေမှာဖြစ်ပါတယ်။

တက်ကြွလှုပ်ရှားမှုရှိပါစေ။ သုတေသနစာတမ်းအရ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုမရှိတာက သွေးလေးဖက်နာရောဂါလက္ခဏာတွေကို ပိုဆိုးစေပါတယ်။ အထိုင်များတဲ့နေထိုင်မှုပုံစံက ကျန်းမာရေးကို ထိခိုက်စေပြီး နှလုံးရောဂါအပြင် အရိုးအဆစ်ရောဂါတွေ ဖြစ်ပွားနိုင်ခြေကိုလည်း မြင့်မားစေပါတယ်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတွေကို လုပ်ဆောင်တာက ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုတွေကို လျော့နည်းစေပြီး သွေးလေးဖက်နာရောဂါလက္ခဏာတွေ သက်သာစေပါတယ်။ နေ့စဉ် နာရီဝက်ကနေ တစ်နာရီကြာ အပြေး၊ ရွှေ့ပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်ပေးသင့်ပါတယ်။

ဆားနဲ့ပြုလုပ်ထားတဲ့ တာရှည်ခံအစားအစာ စားသုံးခြင်းကိုရှောင်ပါ။ တာရှည်ခံအောင် ဆားထည့်ပြီး အခြောက်လှန်းထားတဲ့ ငါးခြောက်၊ ငါးပိ စတာတွေနဲ့ တာရှည်ခံဆေးထည့်ထားတဲ့ အစားအစာတွေကို စားသုံးတာက အဆစ်ရောင်ရမ်းမှုဖြစ်စေပါတယ်။ အစားအစာတွေဝယ်ယူတဲ့အခါ အညွှန်းကို သေချာစွာဖတ်ပြီးမှ ဝယ်ယူပါ။

လေ့ကျင့်ခန်း ပြင်းပြင်းထန်ထန်လုပ်ခြင်းကို ရှောင်ပါ။ ကြွက်သားတွေရဲ့ အရိုးအဆစ်တွေ သန်မာစေဖို့ လေ့ကျင့်ခန်းက အရေးကြီးပါတယ်။ ဒါပေမဲ့ လေ့ကျင့်ခန်း ပြင်းပြင်းထန်ထန်လုပ်တာမျိုးက အရိုးအဆစ်တွေ ရောင်ရမ်းနာကျင်မှုကို ပိုဆိုးစေပါတယ်။ အဆစ်တွေ ရောင်ရမ်းနေရင် ပြင်းထန်တဲ့ လေ့ကျင့်ခန်းပြုလုပ်တာကို ရှောင်ကြဉ်ရပါမယ်။ ဆွဲဆန့်လေ့ကျင့်ခန်းတွေက အဆစ်တွေရဲ့ ကျုံ့နိုင်၊ ဆန့်နိုင်စွမ်းကို ပိုမိုကောင်းမွန်စေပါတယ်။ လေ့ကျင့်ခန်းစတင်လုပ်ဆောင်ရာမှာ ကိုယ်နဲ့သင့်တော်ပြီး ပုံမှန်ပြုလုပ်နိုင်မယ့် သင့်တင့်တဲ့ လေ့ကျင့်ခန်းတွေကို နာရီဝက်ကနေ တစ်နာရီကြာ ပုံမှန်ပြုလုပ်ပေးသင့်ပါတယ်။

စိတ်ဖိစီးမှုမဖြစ်အောင် နေထိုင်ပါ။ စိတ်ဖိစီးမှုများတဲ့ နေထိုင်မှုပုံစံက ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို ပြောင်းလဲစေလို့ အဆစ်နာကျင်မှုကို ပိုဆိုးစေပါတယ်။ သုတေသီတွေက စိတ်ဖိစီးမှုနဲ့ သွေးလေးဖက်နာအကြောင်း လေ့လာခဲ့ရာမှာ အမှန်တကယ်ဆက်စပ်မှုရှိတာကိုတွေ့ရှိခဲ့ပါတယ်။ စိတ်ဖိစီးမှုကို လျော့နည်းစေတဲ့ တရားထိုင်တာ၊ ယောဂကျင့်တာတွေပြုလုပ်ပေးသင့်ပါတယ်။

နို့နဲ့နို့ထွက်ပစ္စည်းတွေမှာပါဝင်တဲ့ ပရိုတင်းတစ်မျိုးက အဆစ်ရောင်ရမ်းမှုကိုဖြစ်စေပါတယ်။ လေ့လာမှုအရ ပရိုတင်းက အဆစ်တစ်ဝိုက်မှာရှိတဲ့ တစ်သျှူးတွေကို လှုံ့ဆော်ပေးလို့ အဆစ်ရောင်ရမ်းနာကျင်မှုတွေကို ခံစားရစေပါတယ်။ ဒါကြောင့် သွေးလေးဖက်နာရောဂါရှိသူတွေက ပရိုတင်းဓာတ်ကို အသား၊ နို့ထွက်ပစ္စည်းတွေကနေ ရယူမယ့်အစား အစေ့အဆန်၊ တိုဟူး၊ ပဲအမျိုးမျိုးတို့ကို စားသုံးပြီး ရယူသင့်ပါတယ်။

သွေးလေးဖက်နာက နာတာရှည်အဆစ်အမျက်တွေ ရောင်ရမ်းတဲ့ရောဂါဖြစ်ပြီး ခုခံအားကမောက်ကမဖြစ်တဲ့ရောဂါတွေထဲမှာ ပါဝင်ပါတယ်။ ခုခံအားက ခန္ဓာကိုယ်ရဲ့ ဆဲလ်အတွင်း မှားယွင်းပြီးတိုက်ခိုက်ရာကနေ ဖြစ်လာတဲ့ရောဂါဖြစ်ပါတယ်။ အဆစ်အမျက်တွေအပြင် ခန္ဓာကိုယ်တစ်ခုလုံးကို ထိခိုက်စေနိုင်ပါတယ်။ အထင်ရှားဆုံးက အရိုးအဆစ်တွေဖြစ်ပါတယ်။

နံနက်ပိုင်းအချိန်မှာ သို့မဟုတ် လှုပ်ရှားမှုနည်းတဲ့အချိန်တွေမှာ အဆစ်တွေတောင့်တင်းပြီး လှုပ်ရှားရခက်တာမျိုးခံစားရနိုင်ပါတယ်။ အဲဒီလိုခံစားမှုမျိုးက မိနစ် ၃၀ လောက်ကြာတတ်ပါတယ်။ အဆစ်သေးလေးတွေ ထိခိုက်တာများပြီး ရောင်ရမ်းတာ၊ ထိလိုက်ရင် နာတာတွေဖြစ်တတ်တယ်။ လက်နှစ်ဖက်၊ ခြေနှစ်ဖက်စလုံးမှာဖြစ်တတ်ပါတယ်။ ဒါ့ပြင် ဖျားတာ၊ ကိုယ်အလေးချိန်ကျဆင်းတာ၊ နုံးတာ၊ အားမရှိသလိုခံစားရတာတွေလည်း ဖြစ်နိုင်ပါတယ်။ သွေးလေးဖက်နာရဲ့ပြဿနာက အရှင်းမပျောက်ဘဲ ဖြစ်လိုက်၊ ပျောက်လိုက် ဖြစ်နေတတ်တာပါ။ တစ်ခါတစ်ရံ ကောင်းနေရာကနေ ရုတ်တရက်ပြန်ပြီးနာကျင်တာမျိုးတွေလည်း ရှိတတ်ပါတယ်။

သွေးလေးဖက်နာရောဂါက ခုခံအားစနစ်အပြင် အရိုးအမြှေးပါးကိုပါ တိုက်ခိုက်နိုင်ပါတယ်။ ရောဂါသက်တမ်းကြာလာတဲ့အခါ ခန္ဓာကိုယ်ထဲက အရိုးနုတွေပါ ပျက်စီးလာစေပါတယ်။ အဆစ်ကိုဆိုင်းထားတဲ့အရွတ်တွေ၊ အရွတ်ကွဲတွေကိုပါ ထိခိုက်စေပြီး အဆစ်ကို ပုံစံမှန်အောင် မထိန်းပေးနိုင်တော့ပါဘူး။ ဒါကြောင့် သွေးလေးဖက်နာရောဂါသည်တွေက ရောဂါသက်တမ်းကြာလာရင် အဆစ်တွေကောက်ကွေးပြီး ပုံပျက်လာပါတယ်။

ဒါ့ပြင် မျက်လုံးမှာ မျက်သားခြောက်တာ၊ ရောင်ရမ်းတာ၊ အမြင်မှုန်တာ၊ အရေပြားမှာ အဖုတွေထွက်လာတာ၊ သွေးကြောတွေရောင်ရမ်းတာတွေလည်း ရှိတတ်ပါတယ်။ သွေးလေးဖက်နာရောဂါရှိသူတွေက အဆစ်တွေနာကျင်တတ်တာကြောင့် လေ့ကျင့်ခန်းမလုပ်နိုင်ကြပါဘူး။ အဝလွန်ပြီး သွေးချိုဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါတွေ ဖြစ်တတ်ပါတယ်။ ပါးစပ်မှာ အနာတွေပေါက်တာ၊ ခံတွင်းခြောက်တာ၊ သွားဖုံးရောင်တာ၊ အဆုတ်ရောင်ရမ်းတာတွေကြောင့် အသက်ရှူရခက်စေနိုင်ပါတယ်။ ဒါတွေက အဆစ်ရောင်တဲ့အပြင် တခြားခန္ဓာကိုယ်အစိတ်အပိုင်းတွေပါ ထိခိုက်စေတဲ့ လက္ခဏာတွေဖြစ်ပါတယ်။

လေးဖက်နာအမျိုးအစားတွေအနေနဲ့ အရေပြားလေးဖက်နာ၊ ပိုးလေးဖက်နာ၊ သွေးလေးဖက်နာဆိုပြီး ရှိပါတယ်။ သွေးလေးဖက်နာကတော့ အရိုးအဆစ်တွေပုံပျက်လောက်အောင် ထိခိုက်တတ်တဲ့အမျိုးအစားတစ်ခုဖြစ်ပါတယ်။ နာတာရှည်ရောဂါဖြစ်ပြီး အမြစ်မပြတ်ဘဲ ဆေးတွေနဲ့ထိန်းထားရတဲ့ ရောဂါဖြစ်တယ်။ သွေးလေးဖက်နာရောဂါကုသတဲ့နေရာမှာ ဆရာဝန်အပြင် လူနာရဲ့ ပူးပေါင်းပါဝင်မှုကလည်း အရေးကြီးတဲ့အတွက် လူနာကိုယ်တိုင်က ရှောင်ကြဉ်သင့်တဲ့အချက်တွေကို သိရှိထားသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

---

## မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ

မအူပင် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်သို့ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးအေးမိုး၏ ပြောကြားချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်သို့ ရှမ်းပြည်နယ်မှအာလူးများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး အဆိုပါ အာလူးများသည် ဩဂုတ်လ ပထမပတ်မှစ၍ လက်ရှိအချိန်ထိ အရောင်းအဝယ်ကောင်းမွန်လာခြင်းဖြစ်ကြောင်း သိရသည်။

''ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ကို အာလူးတွေပုံမှန်ဝင်ရောက်နေပါတယ်။ ဒီနှစ် အာလူးအထွက်နှုန်းနည်းပါတယ်။ လက်ရှိအာလူးက အရောင်းအဝယ်ကောင်းနေပါတယ်။ တစ်ရက်ကို အာလူးပိဿာချိန် ၁၅၀၀ အထက်မှာပဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ မအူပင်မြို့နယ်ကိုဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးလည်း ကောင်းပါတယ်'' ဟု ဒေါ်အေးအေးမိုးက ပြောသည်။

မအူပင်မြို့နယ်၌ နေ့စဉ် အာလူးပိဿာချိန် ၁၀၀၀ မှ ၁၅၀၀ အထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ အာလူးများ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် အာလူးစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် စက်တင်ဘာ ၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသော ရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်းလှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ(ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉)နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ကလောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေး အစီအစဉ်(AVIP)သင်တန်းဖွင့်လှစ်



**ကလော စက်တင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကော်မတီဝင်များအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP)သင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကလောမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) ပုံစံ ၁၄ မျိုး၊ ရန်ပုံငွေအဆိုပြုလွှာပြင်ဆင်ခြင်းလုပ်ငန်းစဉ်နှင့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ သင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက တစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကလောမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၁ ရွာမှ ကော်မတီဝင် ၃၃ ဦး တက်ရောက်ကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

# မွေးကင်းစမှ အသက်၂ နှစ်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**ကျိုက်မရော စက်တင်ဘာ ၁**

ကျိုက်မရောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကျန်းမာရေးဆေးပေးခန်း၌ မွေးကင်းစမှအသက်၂ နှစ်အောက်ကလေးများနှင့်ကိုယ်ဝန်ဆောင် မိခင်လောင်းများအားပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်လေးခု၌ မွေးကင်းစမှ အသက်၂နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်အသည်းရောင် အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် (၅) မျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးနှင့်ဝမ်းပျက်ဝမ်းလျှောဖြစ်စေသော(Rota)ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

## ကျူးကျော်မခံ

➡ ခံ့ထည်စွာ နေထိုင်ကြတဲ့
ရှေးတည်းက တို့နိုင်ငံ။
သွေးခွဲမယ့် နယ်ချဲ့ရူး
ကျူးကျော်မခံ။
ငါတို့ရဲ့ ဖွဲ့မာန်
မြဲမြံတဲ့ စိတ်ထား။
ထိမခံ ဖယ်ခုတ်ပိုင်း
တိုင်းပြည်၏အား။

➡ ကိုယ့်နိုင်ငံ ကိုယ့်သွေးသား
သူတစ်ပါး စော်ကားမခံ။
ဓားဆိုဓား လက်ဆိုလက်
ချက်ချင်းတုံ့ပြန်။
တိုင်းပြည်ရဲ့မနက်ဖြန်
ဆက်ခံမည့် မျိုးဆက်သွေး။
ဆင့်ကမ်းကာ လက်သီးဆုပ်
မွေးထုတ်လို့ပေး။

➡ ကိုယ့်သမိုင်း ကိုယ်တိုင်ရေး
ကိုယ့်သွေးသက် သစ္စာနှံ့။
သစ္စာဆို ထိုလေးချက်
ဦးထိပ်ရွက်ပန်။
ကျိုးကြေမခံ
တို့မြေအလံ မိုးယံဖျား။
ရန်ဘာမထီ
မြန်မာပြည် သာကီအစွမ်းတွေနှင့်။
စံဌာနီ စာမရီနန်းမှာ
စွမ်းခဲ့ကြတကား။ ။

**ဇေယျာဘုန်းမြင့်**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂-၉-၂၀၂၄(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

❖ **သန်းခေါင်စာရင်းကရရှိလာတဲ့အချက်အလက်တွေဟာ လူဦးရေစုစုပေါင်းကိုသာဖော်ပြတာမဟုတ်ဘဲ နိုင်ငံအတွင်းမှာရှိနေတဲ့သူတွေရဲ့ အသက်အပိုင်းအခြားအလိုက်၊ ကျား၊ မ အလိုက် လူဦးရေတွေကို ရရှိနိုင်သလို လူမှုစီးပွားရေးဆိုင်ရာကဏ္ဍအားလုံးနဲ့သက်ဆိုင်တဲ့အချက်အလက်တွေ၊ အိမ်အကြောင်းအရာတွေကိုလည်း ရရှိနိုင်မှာဖြစ်လို့ အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်လို့ဆိုနိုင် . . .**

❖ **ဒီလုပ်ငန်းစဉ်ကနေ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအခြေအနေတွေ၊ နေထိုင်မှုပုံစံတွေကို တိတိကျကျသိရှိနိုင်မှာဖြစ်လို့ ဒီအချက်အလက်တွေကို အသုံးပြုပြီးတော့မှ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်အကောင်အထည်ဖော်နိုင်မှာလည်းဖြစ် . . .**

❖ **အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက်စာရင်းကောက်တွေကအိမ်တိုင်ရာရောက်လာရောက်မေးမြန်းမယ့် မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေအကျိုးအတွက် အမှန်ကိုအမှန်အတိုင်းအမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည်ဖြေကြားကြဖို့လိုအပ် . . .**

✯ **ရှေ့ဖုံးမှအဆက်**

သန်းခေါင်စာရင်းကို လာမယ့်အောက်တိုဘာလ ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးမှာ တစ်ပြိုင်တည်း ကောက်ယူတော့မှာဖြစ်ပါတယ်။ ဒီကနေ့ကစပြီး ရေတွက်ကြည့်ရင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို စတင်ဖို့ ရက်ပေါင်း (၃၀)သာလိုပါတော့တယ်။

သန်းခေါင်စာရင်းဆိုတာကတော့ လူဦးရေဆိုင်ရာအကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို တစ်နိုင်ငံလုံး၊ ဒါမှမဟုတ် သတ်မှတ်နယ်မြေဒေသတစ်ခုမှာ လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူတဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကုန်ကြေးကျလည်း တော်တော်များပါတယ်၊ ကမ္ဘာ့နိုင်ငံအများစုမှာ ဆယ်နှစ်လျှင် တစ်ကြိမ်သာကောက်ယူတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းလုပ်ငန်းဟာ လူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ပြီး မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်တာကြောင့် မှတ်ပုံတင်စာရင်းအင်းအချက်အလက်တွေ ပြည့်စုံတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူနေကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပြီး (၁၀)နှစ်အကြာ ယခု ၂၀၂၄ ခုနှစ်မှာ သန်းခေါင်စာရင်းကို နောက်တစ်ကြိမ်ကောက်ယူဖို့ အချိန်ကျရောက်လာပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ လက်ရှိနဲ့အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု စီမံဆောင်ရွက်နိုင်ရေးအတွက် တိကျမှန်ကန်တဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းတွေ အမှန်တကယ်ရရှိဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကြောင့် သန်းခေါင်စာရင်းကောက်ယူဖို့ ဆုံးဖြတ်ခဲ့ရတာလည်းဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ နိုင်ငံတစ်ဝန်းမှာ ဆောင်ရွက်တော့မယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ ကောက်ယူနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ ကြိုတင်ပြင်ဆင်တဲ့လုပ်ငန်းအဆင့်ဆင့်ကိုလည်း လွန်ခဲ့တဲ့နှစ်တွေကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လာတာ လက်ရှိအခြေအနေမှာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိလာတဲ့ အချက်အလက်တွေဟာ လူဦးရေစုစုပေါင်းကိုသာ ဖော်ပြတာမဟုတ်ဘဲ နိုင်ငံအတွင်းမှာရှိနေတဲ့သူတွေရဲ့ အသက်အပိုင်းအခြားအလိုက်၊ ကျား၊ မ အလိုက် လူဦးရေတွေကို ရရှိနိုင်သလို လူမှုစီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေ၊ အိမ်အကြောင်းအရာတွေကိုလည်း ရရှိနိုင်မှာဖြစ်လို့ အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်လို့ဆိုနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်ကနေ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအခြေအနေတွေ၊ နေထိုင်မှုပုံစံတွေကို တိတိကျကျသိရှိနိုင်မှာဖြစ်လို့ ဒီအချက်အလက်တွေကို အသုံးပြုပြီးတော့မှ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်အကောင်အထည်ဖော်နိုင်မှာလည်းဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံများနဲ့မတူဘဲ တစ်မူထူးခြားတဲ့ ရေမြေတောတောင် သဘာဝအလှအပတွေ၊ သဘာဝသယံဇာတတွေနဲ့ ကြွယ်ဝပြည့်စုံနေသလို မတူကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ ဘာသာစကားတွေနဲ့ ညီညွတ်စွာ ပေါင်းစပ်စုစည်းထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးလည်းဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန် ခိုင်မာနေစေဖို့ ကျွန်တော်တို့နိုင်ငံအကြောင်းကို ပိုမိုသိရှိဖို့ လိုအပ်သလို မတူကွဲပြားမှုတွေကိုလည်း ညှိနှိုင်းပေါင်းစပ်ပြီး နိုင်ငံ့အတွက် ကောင်းကျိုးရအောင် စီမံဆောင်ရွက်သွားကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားရပါသော**
**မြန်မာနိုင်ငံသူ နိုင်ငံသားများခင်ဗျာ**

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာမယ်ဆိုရင် အဲဒီနိုင်ငံက ထုတ်ပြန်တဲ့ လူဦးရေနဲ့ လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်တွေကို ဆန်းစစ်လေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ ဒါ့ကြောင့်လည်း တစ်နိုင်ငံလုံးရဲ့ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေ တိတိကျကျမှန်မှန်ကန်ကန်ရရှိနိုင်ရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ စာရင်းအင်းအချက်အလက်တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ထင်ဟပ်ဖော်ပြနေတာဖြစ်လို့ နိုင်ငံရဲ့ ကြေးမုံပြင်လို့လည်း တင်စားလေ့ရှိပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်တွေကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒချမှတ်တာတွေ၊ စီမံကိန်းရေးဆွဲအကောင်အထည် ဖော်တာတွေ စတဲ့လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အခြေခံအဖြစ်အသုံးပြုရတဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်မှာလည်းဖြစ်ပါတယ်။

သန်းခေါင်စာရင်းက ရရှိလာတဲ့ အချက်အလက်တွေဟာ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှု နယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်တဲ့ ဖွံ့ဖြိုးမှုစီမံကိန်းတွေ ရေးဆွဲနိုင်ဖို့နဲ့ အထောက်အထား အခြေပြု ဆုံးဖြတ်ချက်တွေချမှတ်ရာမှာ မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံမှာ သယံဇာတရင်းမြစ်တွေ ခွဲဝေသတ်မှတ်တာတွေ၊ ဘဏ္ဍာငွေ ခွဲဝေချမှတ်တာတွေ၊ နယ်မြေရေးယာ နယ်နိမိတ်တွေကို ပြန်လည်ဆန်းစစ်တာတွေကလည်း လူဦးရေပေါ်မှာပဲ အခြေခံရတာဖြစ်ပါတယ်။

စာသင်ကျောင်း၊ ဆေးရုံနဲ့ ကျန်းမာရေးဌာနတွေ၊ လမ်း၊ တံတားတွေစတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးခြင်းနဲ့ သုတေသနလုပ်ငန်းတွေမှာလည်း သန်းခေါင်စာရင်းက ရရှိလာတဲ့ အချက်အလက်တွေကို လေ့လာဆန်းစစ်အသုံးပြုနိုင်မှာဖြစ်လို့ နိုင်ငံတော်အတွက် များစွာအသုံးဝင်ကြောင်းနဲ့ အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

ဒါ့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ မဲစာရင်းတိကျမှန်ကန်စေရေး လုပ်ဆောင်ရာမှာလည်း အသုံးပြုနိုင်မှာလည်းဖြစ်ပါတယ်။

ဒါ့အပြင် သန်းခေါင်စာရင်းအချက်အလက်တွေဟာ ကုလသမဂ္ဂရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals – SDGs) နဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) စတဲ့ပြည်တွင်းပြည်ပဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်တွေ ဆောင်ရွက်ချက်တွေကို ဆန်းစစ်လေ့လာရာမှာလည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိတဲ့ ကိန်းဂဏန်းတွေဟာ ကျွန်တော်တို့ အစိုးရလက်ထက်သာမက နောင်အစိုးရအဆက်ဆက်ထိ လက်ဆင့်ကမ်းအမွေပေးရမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ အချက်အလက်တွေကို မှန်မှန်ကန်ကန်ဖော်ထုတ်နိုင်ဖို့ နိုင်ငံတွင်းနေထိုင်ကြသူအားလုံးကို လူဦးရေနဲ့ အိမ်အကြောင်းအရာဆိုင်ရာမေးခွန်းတွေ မေးမြန်းကောက်ယူသွားမှာလည်းဖြစ်ပါတယ်။

ဒီနေရာမှာ အရေးကြီးဆုံးကတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေဆိုပေးကြဖို့လိုအပ်ပြီး မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိသားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်အတွက် အနည်းဆုံး (၁၀) နှစ်စာစီမံဆောင်ရွက်နိုင်တဲ့ အခြေခံအချက်အလက်များရရှိစေနိုင်မယ့်အကျိုးရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောလိုပါတယ်၊ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြဖို့ ထပ်လောင်း အသိပေးလိုပါတယ်၊

**ချစ်ကြည်လေးစားရပါသော**
**တိုင်းရင်းသားပြည်သူများခင်ဗျာ**

ကမ္ဘာပေါ်မှာ ဘယ်လုပ်ငန်းမဆို ကန့်သတ်ချက်တစ်စုံတစ်ရာကြောင့် အားလုံးနဲ့မသက်ဆိုင်ပေမယ့် ဒီနေ့ကမ္ဘာမှာ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား၊ မ မရွေး အားလုံးပါဝင်ခွင့်ရှိတဲ့ တစ်ခုတည်းသော လုပ်ငန်းစဉ်ကတော့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်လို့ ဆိုရမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းရလဒ်ဟာ နိုင်ငံအတွက် အရေးပါတဲ့ အချက်အလက်များဖြစ်သလို မိမိတို့တစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူး ရရှိစေမှာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ဝယ်ရရှိနေတဲ့ အခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ဖို့အတွက် သန်းခေါင်စာရင်းကို လူတိုင်း အကောက်ခံကြဖို့လည်းလိုအပ်ပါတယ်၊ လူတိုင်းပါဝင်ကြဖို့လည်းလိုအပ်ပါတယ်။ အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမယ့် မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များကင်းစွာနဲ့ နောင်အနာဂတ် မျိုးဆက်သစ်တွေအကျိုးအတွက် အမှန်ကို အမှန်အတိုင်း အမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည်ဖြေကြားကြဖို့ လိုအပ်ပါတယ်။ သန်းခေါင်စာရင်းအတွက် ထုတ်ပြန်ထားတဲ့ ၂၀၁၃ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကလည်း ပြည်သူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို လုံခြုံမှုအကာအကွယ်ပေးထားပြီးဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

သန်းခေါင်စာရင်းက ကျွန်တော်တို့ နိုင်ငံရဲ့ပကတိအခြေအနေ၊ နိုင်ငံအတွင်း နေထိုင်သူတွေရဲ့ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြကျေးလက်အလိုက် လူဦးရေကိုသာရရှိနိုင်ရုံသာမက ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို ခွဲခြားသိရှိနိုင်မှာလည်းဖြစ်ပါတယ်။ အဲဒီကတစ်ဆင့်နေရာဒေသအလိုက် လိုအပ်တဲ့အစီအမံတွေ ချမှတ်နိုင်ဖို့ အခြေခံအရင်းအမြစ်တွေကို ဖန်တီးပံ့ပိုးပေးနိုင်မှာဖြစ်သလို လိုအပ်တဲ့လုပ်သားအင်အားကိုလည်း ဖော်ထုတ်သိရှိနိုင်မှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုလိုအပ်တဲ့ လုပ်သားတွေအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွေ၊ ကျွမ်းကျင်မှုသင်တန်းတွေကို လိုအပ်သလိုစီစဉ်ဆောင်ရွက်ပေးနိုင်မှာလည်းဖြစ်ပါတယ်။ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်း ထောက်ပံ့မှုအစီအစဉ်တွေကိုလည်း **စာမျက်နှာ ၁၂ သို့** ✯

★ **စာမျက်နှာ ၁၁ မှအဆက်**

ကြိုတင်ပြင်ဆင်နိုင်မှာလည်းဖြစ်ပါတယ်။

ပြင်ပစီးပွားရေးလုပ်ငန်းရှင်များအတွက်ကတော့ ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း စတာတွေအတွက် အသုံးဝင်မှာဖြစ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများကယ်ဆယ်ရေး စတဲ့ကဏ္ဍတွေမှာလည်း အသုံးဝင်မှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ဒီလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခြားသောလုပ်ငန်းစဉ်တွေမှာ မဖြစ်မနေအခြေခံအသုံးပြုရမယ့် ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ၊ အကြောင်းအရာတွေရရှိဖို့အတွက် မကြာခင်မှာ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်တော့မှာလည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့ကနေ (၁၅)ရက်နေ့အထိ ကောက်ယူမယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာသန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်တွေကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သောအင်အားနဲ့အောင်မြင်အောင်ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်မယ့် အခွင့်အခါကောင်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ခံယူပြီး **“ပြည်သူအားလုံး ပါဝင်လို့၊ သန်းခေါင်စာရင်းကောက်ကြစို့”** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပ



တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းပွဲအခမ်းအနားကျင်းပစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ဆေးများအား ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် စက်တင်ဘာ ၁

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ် အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဇနိန္ဒ ထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက်စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်နှင့် သံဃာတော်များထံ စစ်ရေးချုပ်မှ ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်အား တပ်မတော်အရာရှိကြီးတစ်ဦးမှ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇနိန္ဒ ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းသည်။

နေပြည်တော်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၄၅ သိန်း ၅ သောင်း ၉ ထောင်ကျပ်၊ ဆန် ၆၅၇ အိတ်၊ ဆီ ၁၉၆ ပိဿာ ၂၀ ကျပ်သား၊ ပဲ ၁၉၆၂ ပိဿာ၊ ဆား ၁၉၆၂ ပိဿာ၊ ဆေးမျိုးစုံ ၆၅၄ ဘူးတို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၁၄၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ငါးသောင်းကျော်အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်းတွင် ဩဂုတ်လနောက်ဆုံးပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၁၄၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေငါးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေပြီး ဩဂုတ်လ ၂၆ ရက်မှ ၃၀ ရက်အထိ ငွေကျပ် ၁၄၆၂၈၂၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၅၁၉၀၅ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၃၅၄၅၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၅၂၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၅၂၅၇၇၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၅၀၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၃၁၃၉၀၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင်ရေ ၂၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၂၈၉၇၃၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၆၂၈၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေအနည်းငယ် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၉၄၁၆၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၃၆၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၁၀၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၂၉၇၀၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၅၇၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေထက်ဝက်ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၆၂၁၉၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၃၅၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေထက်ဝက်ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၂၂၇၅၃၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၆၇၂၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

# ပြည်သူပါဝင်ပြောင်းလဲရမည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်

မောင်မောင်စွယ်စုံထွန်း

မည်သည့်ကိစ္စမဆို အပြန်အလှန်သဘောရှိသည်။ လက်ခုပ်တီးလျှင်ပင် တစ်ဖက်တည်းတီးနေလို့ အသံမမြည်ပါ။ လက်ခုပ်နှစ်ဖက်တီးမှသာ လက်ခုပ်သံထွက်ပါလိမ့်မည်။ ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထုအကျိုးအတွက် ပြုပြင်ပြောင်းလဲမှုများစွာကို ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ပြည်သူမပါဝင်ဘဲ လုပ်ငန်းများအောင်မြင်နိုင်လိမ့်မည်မဟုတ်ပါ။ လောလောဆယ်အချိန်ကာလတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများအားလုံးသည် နိုင်ငံတော်ပိုင်လုပ်ငန်းများအဖြစ်သာ ရပ်တည်လျက်ရှိနေသည်။ နိုင်ငံတော်ပိုင်ဆိုသည်မှာ ပြည်သူတို့ပိုင်သော လုပ်ငန်းများသာဖြစ်သည်။ ပြည်သူပိုင်သော လုပ်ငန်းများကို မိမိတို့ပိုင်သောလုပ်ငန်းသဖွယ် သဘောထားကြမှသာလျှင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတိုးတက်အောင်မြင်လာစေနိုင်မည်ဖြစ်သည်။



ပြည်သူများအနေဖြင့် လျှပ်စစ်မီးရချင်တာတစ်ခုပဲ သိမြင်နေကြ၍မဖြစ်ပါ။ လျှပ်စစ်မီးကိုရအောင် ဘယ်လိုဆောင်ရွက်နေရသည်၊ ဘယ်လိုဝိုင်းဝန်းဆောင်ရွက်မှ လျှပ်စစ်ကိုပိုမိုရရှိနိုင်မည် စသည်ဖြင့် သိရှိကြဖို့လည်းလိုအပ်သည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပုံအဆင့်ဆင့်ကိုလည်း သိရှိကြဖို့လိုသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်သောနေရာမှ ဓာတ်အားလိုင်းအဆင့်ဆင့်သွယ်တန်းပြီးခွဲရုံများ၊ ထရန်စဖော်မာများအဆင့်ဆင့်တပ်ဆင်ပြီးမှသာ မီးသုံးစွဲသူပြည်သူထံသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်သည်။

ဆက်လက်၍ ပြည်သူတို့စိတ်ဝင်စားကြသည့် မီတာအကြောင်းကိုလည်း အနည်းငယ်ရှင်းပြလိုပါသည်။ ပြည်သူတွေမီးရရန် ဓာတ်အားကိုတိုက်ရိုက်ချိတ်ပေးထားလို့မရပါ။ ပြည်သူတစ်ဦးနှင့်တစ်ဦး မီးသုံးစွဲတာခြင်းမတူ၍ မည်သူက မည်မျှသုံးသည်ကို သိရှိနိုင်ရန် လျှပ်စစ်မီတာများတပ်ဆင်ပေးရခြင်းဖြစ်သည်။ မီတာအမျိုးအစားများစွာအနက် အဓိကအုပ်စုကြီးနှစ်ခုအဖြစ်သာခွဲခြားဖော်ပြလိုသည်။ Analogue (US အခေါ် Analog)မီတာအုပ်စုနှင့် Digital မီတာအုပ်စုဟူ၍ဖြစ်သည်။ Analogue ဆိုသည်မှာ Mechanism ဖြင့် ဆောင်ရွက်သောမီတာဖြစ်၍ အမှားအယွင်းများနိုင်သည်။ ထို့ကြောင့် ယခုနောက်ပိုင်းတွင် နိုင်ငံတော်မှ Digital အမျိုးအစားကို ပြောင်းလဲသုံးစွဲခဲ့ခြင်းဖြစ်သည်။ Digital မီတာဆိုသည်မှာ Electronics စနစ် သုံးထားသည်ဖြစ်၍ မျက်မြင်သွားဖတ်ရန်မလိုတော့ဘဲ စက်ဖြင့်သာဖတ်ရသည်။ ယခုနောက်ပိုင်း အသုံးပြုလာသောမီတာများမှာ Digital မီတာများသာဖြစ်၍ မျက်မြင်သွားဖတ်ရန် လုံးဝမလိုတော့ဘဲ စက်ဖြင့်သာဖတ်ရသည်။ ယခုနောက်ဆုံးအသုံးပြုလာနေသော AMI စနစ်သုံး မီတာအမျိုးအစားများဆိုလျှင် မီတာရှိရာနေရာသို့ပင်သွားစရာမလိုတော့ဘဲ ရုံးမှပင်ကွန်ပျူတာနှင့် အင်တာနက်နည်းပညာအကူအညီဖြင့် ထိုင်၍ဖတ်ရှုနေနိုင်ပြီဖြစ်သည်။ ထို့ကြောင့်သာ မီတာလာမဖတ်ဘဲ ဘေထွက်လာနေခြင်းဖြစ်သည်။

Analogue မှာတော့ မျက်မြင်ဖတ်ခြင်းမှလွဲ၍ အခြားနည်းဖြင့်ဖတ်လို့မရပါ။ လုံခြုံရေးအရ မဖတ်နိုင်တာမျိုး၊ ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် ဖတ်ရန် အခက်အခဲရှိတာမျိုးနှင့် မီတာလာဖတ်ချိန်နေအိမ်တွင် မရှိခြင်းကြောင့် ဖတ်မရဖြစ်တာမျိုးတွေတော့ရှိနိုင်သည်။ ထိုသို့မဖြစ်စေရန်အတွက် ပြည်သူတို့ကိုယ်တိုင် ပါဝင်ကူညီနိုင်သောနည်းလမ်းများလည်း ရှိသည်။ မီတာဖတ်ရက်ဖြစ်သော လဆန်း ၁ ရက်မှ ၅ ရက်အတွင်း မိမိတို့နေအိမ်အား မီတာဘေပို့နေသော မီတာစာရေး၏ ဖုန်းနံပါတ်အား ရယူထား၍ မိမိတို့မီတာမှ သုံးစွဲယူနစ်အားဓာတ်ပုံရိုက်ယူထားပြီး ပေးပို့နိုင်သည်။ မိမိမှဓာတ်ပုံမှတ်တမ်းရိုက်ယူထားပြီးဖြစ်၍ မီတာဘေထွက်လာသည့်အခါ မမှန်မကန်ဖြစ်နေပါက ပြန်လည်ဖြေရှင်းနိုင်သည်။ ယခုတော့ ထိုသို့ပင်ပါဝင်ကူညီကြမှုမရှိဘဲ၊ ထိုသို့သောအခြေအနေများအပေါ် အနည်းငယ်မျှပင်မျှဝေမစဉ်းစားကြဘဲ ဌာနအပေါ်သို့သာ အပြစ်တင်နေကြသည့်ပြည်သူများလည်းရှိနေသည်။ ပြည်သူအများစုအား အပြစ်ပြောလိုခြင်းမဟုတ်ပါ။ ပူးပေါင်းပါဝင်မှုမရှိဘဲ ဌာနအပေါ်အပြစ်မြင်နေကြသော ပြည်သူအချို့တို့အား သိရှိစေရန်တင်ပြရခြင်းသာဖြစ်သည်။

နောက်တစ်ခုက လျှပ်စစ်မီးသွယ်တန်းရာတွင် ယခုအခါ ပြင်ပလျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် တပ်ဆင်နေကြသည်။ နေအိမ်အတွင်း သွယ်တန်းတပ်ဆင်မှုအရ အချို့သောလျှပ်စစ်ပစ္စည်းများသည် မီးပိတ်ထားသော်လည်း လျှပ်စစ်သုံးစွဲနေသည်။ ထိုအချက်ကိုမသိဘဲ "အချို့ကမီးမသုံးဘဲ ဓာတ်အားခတက်နေသည်။ ခရီးထွက်နေပါလျက် မီတာခတက်နေသည်" စသည်ဖြင့် ပြောဆိုနေကြသည်။ ထိုကဲ့သို့မဖြစ်စေလိုလျှင် မိမိတို့နေအိမ်မီတာမှအထွက်တွင် Breaker (ခေါ်) မီးဖြတ်ခလုတ်အား မဖြစ်မနေတပ်ဆင်ထားပါ။ သတ်မှတ်လျှပ်စီးထက်ကျော်လွန်လျှင် ဖြတ်ချလိမ့်မည်။ ပြင်ပသို့ထွက်လျှင် အဆိုပါ Main Breaker အားချသွားခြင်းအားဖြင့်လည်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေမည်ဖြစ်သလို လျှပ်စစ်ပစ္စည်းများကြောင့် မီတာယူနစ်တက်ခြင်းမှလည်း ကာကွယ်ပေးသွားပါလိမ့်မည်။ ပြည်သူများအနေဖြင့် မိမိတို့နေအိမ်လျှပ်စစ်သွယ်တန်းမှု၏ အားနည်းချက်များကို အရင်ဆုံးစစ်ဆေးပြုပြင်သင့်ကြသည်။

မီတာဘေတစ်စောင်ရရှိပြီဆိုလျှင် ပြည်သူများဦးစွာဆောင်ရွက်သင့်သော အချက်များကိုလည်း ဖော်ပြပေးလိုသည်။

(၁) မီတာနံပါတ် မှန်/မမှန်စစ်ဆေးပါ။

(၂) တစ်ရက်စာ ပျမ်းမျှယူနစ်သုံးစွဲမှုကို တွက်ချက်ပါ။

(၃) မီတာယူနစ်ဖတ်ချက်အား မှန်/မမှန်စစ်ဆေးပါ။

(၄) မိမိစစ်ဆေးသည့်ရက်နှင့်မီတာဖတ်သည့်ရက် ခြားနားသည့်ရက်အလျောက် တစ်ရက်စာပျမ်းမျှယူနစ်ဖြင့်ပြန်လည်စစ်ဆေးတွက်ချက်ပါ။

(၅) ယူနစ်ဖတ်ချက် မှန်/မမှန် သုံးသပ်၍ ကွဲဟချက်ရှိပါက သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးသို့ သတင်းပို့ပါ။

သို့ဖြစ်ရာမီတာဖတ်သည်၊ မဖတ်သည် စသည်ဖြင့် ငြင်းခုံပြောဆိုနေကြမည့်အစား အထက်တွင်ဖော်ပြသကဲ့သို့ မီတာဘေအား စစ်ဆေးဆောင်ရွက်ခြင်းဖြင့် မီးသုံးသူများစိတ်ကျေနပ်မှုရရှိကြပါလိမ့်မည်။

မီတာဖတ်ခြင်းအားလည်း အနည်းငယ်ရှင်းပြလိုသည်။ လမ်းအလိုက်သတ်မှတ်ထားသည့် တာဝန်ခွဲဝေထားသည့် မီတာစာရေးများက မီတာဖတ်ရှုကြရသည်။ မိမိအိမ်မီတာဘယ်နေ့ဖတ်သလဲသိလိုပါက မီတာဘေမှာနောက်ဆုံးဆောင်ရမည့် Last Date ဖော်ပြပါရှိသည်။ အဆိုပါရက်ကိုကြည့်၍ အောက်ပါအတိုင်း မီတာဖတ်ရက်ကို သိရှိနိုင်သည်။

(၁) ၁၇ ရက်နေ့ Last Date ဆိုလျှင် လဆန်း ၁ ရက်နေ့ မီတာဖတ်ပါသည်။

(၂) ၁၉ ရက်နေ့ Last Date ဆိုလျှင် လဆန်း ၂ ရက်နေ့မီတာဖတ်ပါသည်။

(၃) ၂၁ ရက်နေ့ Last Date ဆိုလျှင် လဆန်း ၃ ရက်နေ့ မီတာဖတ်ပါသည်။

(၄) ၂၃ ရက်နေ့ Last Date ဆိုလျှင် လဆန်း ၄ ရက်နေ့ မီတာဖတ်ပါသည်။

(၅) ၂၅ ရက်နေ့ Last Date ဆိုလျှင် လဆန်း ၅ ရက်နေ့ မီတာဖတ်ပါသည်။

ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားအတွက် အောက်ပါအတိုင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ်အားအဆင့်ဆင့်ပြောင်းလဲဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီလည်းဖြစ်ပါသည်။

**ဓာတ်အားခွဲရုံများတွင် Neutral Grounding Resistor(NGR)များတပ်ဆင်အသုံးပြုခြင်း**

ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားပေးခွဲရုံများ ဓာတ်အားလိုင်းများတွင် Earth Fault (Permanent or Temporary) ဖြစ်ပွားချိန်တွင် Transformer Neutral Point သို့ Fault Current များ တိုက်ရိုက်စီးဆင်းသွားခြင်းကြောင့် Transformer ၏ Winding Coil များ ပျက်စီးနိုင်သည်။ သို့ပါ၍ Neutral Grounding Resistor(NGR) တပ်ဆင်၍ Line to Ground (Earth Fault ) Current အား လျှော့ချခြင်းဖြင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများကို မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ဓာတ်အားပြတ်တောက်မှုကိုလည်း လျှော့နည်းစေမည်ဖြစ်သည်။

**Capacitor Bank များ တပ်ဆင်အသုံးပြုခြင်း**

ဓာတ်အားဖြန့်ဖြူးခြင်းတွင် Power Factor ပိုမိုကောင်းမွန်စေရန်အတွက် အသေးစား၊ အလတ်စား လုပ်ငန်းဆောင်ရွက်သော ဓာတ်အားသုံးစွဲသူများအား မိမိတို့၏ လုပ်ငန်းများနှင့် သင့်လျော်သည့် Capacitor Bank များ တပ်ဆင်ရန် စည်းမျဉ်းများချမှတ်ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလိုင်းတည်ဆောက်ရာတွင် အမြင့်ဆုံးအသုံးပြုလာနိုင်မည့်ဝန်အားကို မျှော်မှန်း၍သုံးစွဲမည့်ကြိုး ACSR သို့မဟုတ် SAC ကို ရွေးချယ်အသုံးပြုခြင်း**

လျှပ်စစ်ဓာတ်အားလိုင်းများအား ခန့်မှန်းသုံးစွဲဝန်အား Current Carrying Capacity ပေါ်မူတည်၍ ရွေးချယ်တည်ဆောက်ရသောကြောင့် လက်ရှိသုံးစွဲနေသော ACSR၊ SAC ကြိုး ၊ (Conduction Type၊ Conductor Size )များ၏ တစ်မိုင်မှာပျောက်ဆုံးမည့် Line Losses နှင့် တစ်လမှာပျောက်ဆုံးမည့် Technical Line Losses တွက်ချက်မှုများကိုအခြေခံ၍ စီးပွားရေးတွက်ခြေကိုက်မှုနှင့်အညီ ရွေးချယ်တည်ဆောက်သွားနိုင်မှသာ Technical Line Losses ကို လျှော့ချနိုင်မည်ဖြစ်သောကြောင့် ပြောင်းလဲအသုံးပြုသွားမည်ဖြစ်သည်။

**Multi Transformer ဖြစ်သည့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာများအစားထိုးတပ်ဆင်ခြင်း**

Unit Losses (%) လျှော့နည်းကျဆင်းရေး System Improvement (SI) များ ဆောင်ရွက်ခြင်း၊ ထရန်စဖော်မာတိုးချဲ့တည်ဆောက်ခြင်း၊ Load Share ပြုလုပ်ခြင်း၊ Capacity ကြီးမားသော ထရန်စဖော်မာများနေရာတွင် Load Losses / No Load Losses နည်းပါးသည့် ၂၀၀ ကေဗွီအေထရန်စဖော်မာများအား အစားထိုးတပ်ဆင်အသုံးပြုပြီး Multi Transformer စနစ်ဖြင့် ဗို့အား ပြည့်ဝစွာဖြန့်ဖြူးနိုင်ခြင်း၊ ဓာတ်အားပြတ်တောက်မှု ဧရိယာနည်းပါးခြင်း၊ System Reliability ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် Unit Losses ကျဆင်းနိုင်ပါသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။

**Energy–Saving Devices များ အစားထိုးအသုံးပြုခြင်း**

စွမ်းအင်ပြုန်းတီးမှုနှင့်တစ်ဦးချင်းသုံးစွဲမှု ကုန်ကျစရိတ်များလျှော့နည်းစေမည်ဖြစ်၍ ပြည်သူများအကြား လက်ခံကျင့်သုံးနိုင်ရေးအတွက် ပညာပေးဆောင်ရွက်သွားရန်ဖြစ်သည်။

**Geographic Information System (GIS)စနစ်နှင့် Advanced Metering Infrastructure (AMI)စနစ် ရယူဆောင်ရွက်ခြင်း**

ဓာတ်အားပျောက်ဆုံးမှု အများဆုံးဖြစ်သည့် မြို့နယ်၊ ဖီဒါ၊ ထရန်စဖော်မာ ၊ စက်မှု/အိမ်သုံးမီတာတို့အား GIS/AMI စနစ်ဖြင့် **စာမျက်နှာ ၁၄ သို့** ■

■ **စာမျက်နှာ ၁၃ မှအဆက်**

Data Analysis ပြုလုပ်၍ Database တည်ဆောက်ပြီး ဓာတ်အားပျောက်ဆုံးမှု (Losses)အများဆုံးရေိယာကိုရှာဖွေဖော်ထုတ်ခြင်းစသည့်လုပ်ငန်းစဉ်များဆောင်ရွက်သွားနိုင်သည့်အတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

**Myanmar Electric Bill (MEBill) Software စနစ်အသုံးပြုခြင်း**

နေ့စဉ်ကောက်ခံရငွေကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး လူကြောင့်ဖြစ်သောမှားယွင်းမှုနှင့်ငွေကြေးအလွဲသုံးပြုမှုမှကာကွယ်နိုင်ခြင်း Non – Technical Losses ကို ကျဆင်းစေပြီး မီးသုံးသူများမှ ဓာတ်အားခပေးဆောင်ရန်အတွက် အချိန်ကြာမြင့်စွာစောင့်ဆိုင်းရန်မလိုအပ်သဖြင့် ပြည်သူကိုထိရောက်သောဝန်ဆောင်မှုပေးနိုင်ခြင်းကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

**Online Payment ဖြင့် ဓာတ်အားခကောက်ခံဆောင်ရွက်ခြင်း**

ဓာတ်အားခပေးဆောင်သော မီးသုံးသူဦးရေနှင့်ကောက်ခံရငွေတိုးတက်လာခြင်း၊ ဓာတ်အားခပေးဆောင်မှု လွယ်ကူချောမွေ့မြန်ဆန်လာခြင်း၊ ဓာတ်အားခကြွေးကျန်ကျဆင်းလာခြင်း စသည့်အကျိုးကျေးဇူးများကြောင့် ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပညာပေးဆောင်ရွက်သွားမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း ရာသီဥတုကြောင့်ပျက်စီးသည်ဖြစ်စေ၊ ဖျက်ဆီးခံရ၍ ပျက်စီးသည်ဖြစ်စေ ဓာတ်အားလိုင်းများအမြန်ပြုပြင်၍ ပြည်သူအားလျှပ်စစ်ဓာတ်အားအမြန်ဆုံး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် တိုင်းပြည်အကျိုး၊ ပြည်သူလူထု၏အကျိုးအတွက် ရာသီဥတုအခက်အခဲများကြား၊ တိုက်ပွဲများကြား၊ ကျည်ဆန်တွေကြားမှ သက်စွန့်ဆံဖျား ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း ပြည်သူများသိမြင်နားလည်ပေးနိုင်ကြဖို့လိုအပ်သည်။ မိမိတို့စိတ်အထင်ဖြင့် အမျိုးမျိုးဝေဖန်ပြောဆိုနေကြမည့်အစား ပြည်သူတွေပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်ကြီးအား ပြုပြင်ပြောင်းလဲလာနိုင်စေရန်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတစ်ခုတည်းမှ ဆောင်ရွက်နေ၍မရဘဲ ပြည်သူတို့၌လည်းပူးပေါင်းဆောင်ရွက်ရန်တာဝန်ရှိပါ၍ ပူးပေါင်းဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

❒ စာမျက်နှာ ၁၇ မှအဆက်

ကြည်ညိုဖွယ် ဖြစ်နေစေရေးအတွက် ဆောင်ရွက်ရန်၊ စေတီတော်ကြီးရင်ပြင်တော်သန့်ရှင်းရေးအပါအဝင် ဘက်စုံပြုပြင်မွမ်းမံရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးရှိခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအား သွားရောက်ဖူးမြော်ကြည်ညို၍ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြလျှောက်ထားကာ ဆရာတော်ကြီး၏ မိန့်ကြားမှုများကို နာယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အပြည်ပြည်ဆိုင်ရာ
ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ပါမောက္ခချုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး
ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ
နှင့်နဝကမ္မအလှူတော်ငွေများ
ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ




နေပြည်တော် စက်တင်ဘာ ၁

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၄၉)အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး စုစည်းခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ လုပ်ရှားဆောင်ရွက်ခဲ့မှုမှတ်တမ်း Video Clip ကိုကြည့်ရှုအားပေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၄/၂၀၂၃)တွင် အကောင်းဆုံးသင်တန်းသားထူးချွန်ဆုရရှိသူ တစ်ဦးနှင့် လုပ်ငန်းထူးချွန်ဆုရရှိသူ သုံးဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄/၂၀၂၃)တွင် ဥပဒေဘာသာရပ်ထူးချွန်ဆုရရှိသူ တစ်ဦးနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ တစ်ဦးတို့ကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းတွင် တတိယဆုရရှိသူဝန်ထမ်း တစ်ဦးကိုလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများ၊ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# တောင်ငူမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကျင်းပ



တောင်ငူ စက်တင်ဘာ ၁

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို တောင်ငူမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၃၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးမျိုးအောင်၊ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး သုတဝေဖြာမျှဝေရာ၊ ပညာဉာဏ်တိုက် စာကြည့်တိုက် Video Clip ကိုပြသသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး တောင်ငူမြို့နယ်အတွင်းရှိကျောင်းစာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းရာ ခရိုင်ပညာရေးမှူး ဒေါက်တာနော်ဥမ္မာထွန်းက လက်ခံရယူသည်။

ယင်းနောက် တောင်ငူပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများက လူချွန်လူကောင်းသီချင်း၊ တောင်ငူပညာရေးဒီဂရီကောလိပ်မှကျောင်းသား၊ ကျောင်းသူများကအလှဆုံးပန်းများပွင့်ကြပြီသီချင်း၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက နွန်ဆွမ်ဆန်းဆီရှမ်းသီချင်းနှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက ဘက်စုံပညာကိုရည်တို့လှမ်းချီ သီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး Sweet Family ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက ရိုးရာခြင်းအလှခတ်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးမျိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသောစာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကျင်းပနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု (၁)၊ နှစ်သိမ့်ဆု (၂) ရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုစဉ်။

နေပြည်တော် စက်တင်ဘာ ၁


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့်သစ်သီးဆွမ်းကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသည့်အလှူငွေများနှင့် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးတွင်





ဖူးမြော်ကြည်ညို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က စွယ်တော်မြတ်စေတီတော်ကြီးတွင်ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က စွယ်တော်မြတ်စေတီတော်ကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများမှလှူဒါန်းသည့်အလှူငွေများနှင့် စုပေါင်းအလှူတော်ငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များကလက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်စဉ်။

ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုကာ စေတီတော်မြတ်ကြီး အမြဲသန့်ရှင်းသာယာပြီး

စာမျက်နှာ ၁၅ သို့ ❒

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla pay obeisance to Swe Taw Myat Pagoda (Yangon)





Senior General Min Aung Hlaing pays homage to the Buddha Tooth Relic.

NAY PYI TAW September 1

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by their entourage and officials, paid obeisance to the Swe Taw Myat Pagoda (Yangon) built on Dhamma Pala hill in Mayangone Township in Yangon Region this morning.

First, the Senior General, wife and party were welcomed by the pagoda board of trustees and the Senior General and party paid obeisance and offered flowers, water and lights to the pagoda.

Then, the Senior General and wife presented cash donations of the Tatmadaw (Army, Navy, and Air) to the members of the pagoda board of trustees, who returned Dhamma Gifts to the Senior General and wife.

Then, the Senior General and party paid obeisance to the sacred tooth relic and the Senior General signed the guests' record.

Afterward, the Senior General and party walked round the pagoda counter clockwise, inspected the all-round renovation of the pagoda and gave instructions on cleanliness and renovation of the pagoda.

Then, the Senior General tolled the bell at the pagoda.

Afterward, the Senior General and wife and party paid obeisance to Rector of the International Theravada Buddha Sasana Missionary University Agga Maha Pandita Agga Maha Suddhaa Jotika Dhaja Maha Dhamma Kathina Dr Bhaddanta Cekanda and supplicated matters related to flourishing of the Buddha Sasana and listened to summon of the Sayadaw.

Afterward, the Senior General and wife donated offerings and cash donations to the Sayadaw. 100



Senior General Min Aung Hlaing and wife accept a Dhamma gift.



Senior General Min Aung Hlaing goes round on the pagoda platform.

# A video speech delivered by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing to the people in commemoration of the population and household census enumeration for 2024

## (1 September 2024)

I extend greetings to all esteemed Myanmar people and all national brethren with best wishes for enjoying all auspiciousnesses and physical and mental well-being.

The population and household census which has been enumerated in our country once every ten years will be collected in the entire nation from 1 to 15 October simultaneously. If we count it starting today, thirty days remain until the census-taken process.

The census concerning population, economic and social measures is to be taken for everybody once in the entire nation or a set plot.

Enumerating the census is very wide with a large workload, spending a large sum of money. The majority of global countries conduct the census-taken process once every ten years. Census measure is concerned with everybody and it is a must to be done. Hence, even developed countries which have full data of identity registration statistics regularly enumerate the census.

In 2024, Myanmar will conduct its census again, ten years after the previous one in 2014. Moreover, as the State actually needs correct and accurate population data to manage present and future development projects of the nation, we decided to collect the census.

Our government is arranging enumeration process of the population and household census in the entire nation in accord with the international standards. As different steps of preparatory processes have been conducted since previous years, now is ready to collect population data on the ground.

Data from the census mentions not only total population but age and gender of the people residing in the nation as well as socio-economic measures and household data. So, it can be said that the census-taken process is of great importance for all. Such a process can show accurate population conditions and their lifestyles, and applying these data, we can implement the national interests of the State.



Senior General Min Aung Hlaing gives a video speech.

Our country is a Union blessed with natural beauties such as forests, mountains and waters as well as natural resources in harmony with diverse culture and customs of national races, and their languages. Our citizens have to for the Union spirit forever and to comprehensively know our country. Likewise, it is necessary to coordinate diversities to bring advantages to the State.

**Esteemed Myanmar people,**

In studying development of a country, everybody needs to analyze population and socio-economic statistics released by the relevant country. As such, it is important to compile correct and accurate statistics of the whole nation. These statistics reflecting development of a country is dubbed the mirror of the county.

Census data used in adopting the policies for ensuring proportional development of social, economic and management sectors of a country and implementing the plans can be obtained from the census.

Data from the census are essential for drawing the effective development projects at different levels of administration and management arenas and making decisions based on evidences. Moreover, allotment of natural resoures of the State, allocation of the finance and reassessment of the territorial areas are based on the population.

As data from the census will be analyzed and utilized in construciton of infrastructures such as schools, hospitals, health units, roads and bridges as well as doing research, such a census is much essential and important for the State.

In addition, the census can be used in compilation of correct and accurate voter lists which is basic needs for successfully holding a free and fair multi-party democratic general election which is the ultimate mission of the State Administration Council.

Furthermore, census data can contribute to analyzing external and internal development programmes to implement the Sustainable Development Goals–SDGs of the United Nations as well as the Myanmar Sustainable Development Plan–MSDP.

It can be said that data from the census are figures on development of the State to be handed down not only to the tenure of our government but to forthcoming successive governments. To be able to correctly compile these valuable data, the census will gather information from all residents of the nation regarding population and household statistics.

In this regard, I would like to say that everyone must respond thoroughly to the questions, as this contributes to a data collection process that benefits themselves, their families, future generations, and the State. Hence, I would like to urge all to cooperate in the national census-taken process with thorough replies in order to initiate future of the State, anticipation of the people and their requirements.

**Esteemed ethnic national races,**

Although no measures can address every person across the world, the census process currently focuses on factors such as race, religion, age, and gender. The result of census is crucial for the State and benefiting individuals. So, everybody needs to accept gathering of census for fully enjoy the valuable right. They all need to participate in such a process. They have to thoroughly reply to all questions for all households as well as organizations raised by enumerators through door-to-door system without worries for the sake of new generations. I would like to note that the Population and Household Census Law, issued in 2023 for the census process protects the biometric data of individuals.

The census provides insight into the country's current situation, including population data by region, age, and urban or rural locations. It also classifies education levels, types of workplaces, and people's lifestyles. And then, the census can provide basic resources to be used in adopting necessary plans in relevant regions and indicate necessary workforces. If so, capacity-building courses and proficiency courses can be conducted for turning out skilled workers. Likewise, preparations can be made for implementation of social security, aged care and aid for the persons with disabilities.

The census is useful for private economists and businespersons to have the chances to seek the market, estimate number of consumers, manufacture products, give education and healthcare services whereas it can be applied in environmental conservation and rescue and relief measures for natural disaster-affected victims.

**Esteemed people and brethren,**

The national census-taken process will be implemented as a national duty soon for having figures, data and topics to be applied without fail in

See Page -20 ►►






The Ayeyawady Region Chief Minister presents report on livestock farming activities.

●● From Page - 21

Virgin and fallow land reclamation projects must be implemented within the set time. All the occupied agricultural land must be examined in accord with the law. Permission to use farmland for other purposes needs government approval although green light can be given at region/state level. Use of agricultural land for other purposes may lead to reducing the farmland areas and eventually harm agro-production. Region/state-wise checks must be conducted on agricultural land. Agricultural land must be systematically used. Re-verification of laws in connection with virgin and fallow land is in progress.

Regarding libraries, according to the 2019 interim census in our country, the average literacy rate is around 92 percent. However, most people have only attained primary education, and many are past the age of schooling. Therefore, it is essential to create opportunities for them to gain knowledge and skills within their communities. For this reason, libraries are being established at the township, village, and neighbourhood levels. Schools are also encouraged to foster good reading habits among students. Knowledge and skills will only develop through reading, writing, and discussion. To elevate the education level in our country, we are actively making efforts, and we hope that similar efforts will be made across all states and regions to increase the number of educated people.

**Every citizen has a responsibility for the country's economic prosperity**

The Senior General delivered a speech, stating that meeting with the Chief Ministers of regions and states in the lower part of Myanmar, as well as officials from the Yangon Region Government, is an opportunity to address the necessities for the country's economic development. He emphasized that every country in the world desires economic growth and development. A strong economy is the foundation for political stability and peace, enabling citizens to live and work with peace of mind and in good health. Therefore, the economy and politics are mutually dependent, and every citizen has a responsibility for the nation's economic development.

From the time of gaining independence to the present day, our country has experienced various political systems. Along with these changes in political systems, there have also been changes in economic systems. While there have been some advancements in the economy, there have also been many instances where the expected level of success was not achieved. It is evident that economic weaknesses have led to political issues, such as economic decline and limited job opportunities. We must learn from the economic strengths and weaknesses that have emerged over the years and continue to work towards the economic development of our nation.

**Ensuring food security and providing adequate living conditions for every individual**

Since our country primarily engages in an economy based on agriculture, it is essential to develop industries that are fundamentally linked to agricultural activities. Similarly, efforts must also be made to promote other production industries. Every individual requires food, clothing, and shelter, and for everyone to live comfortably, a stable economy is necessary. As our country is a food-producing nation, there should be no difficulties regarding food security. Additionally, our national goals include ensuring food security, which means that all regions and states must work to maintain adequate local rice supply and food security.

Regarding clothing, it is necessary for everyone to use garments. As our country is a cotton-growing nation, we need to ensure sufficient domestic cultivation and production of cotton. We are currently working to support the development of cotton cultivation. It is also necessary to strive to produce high-quality textiles, progressing from cotton to yarn, fabric, and various textiles. In the main cotton-growing regions, efforts should be made to enhance cotton production, and the industries based on cotton should be supported as well.

Food is the most important thing in livelihood. At the present time, we see that the commodities prices are more than the prices they should be. We need to increase the production of products to earn foreign currency and be able to export them abroad. At the present time, there is a need for foreign currencies due to the increase in communication with foreign countries in various ways. Regarding the use of foreign currency, we are establishing and maintaining policies. We are also repaying the foreign loans borrowed from abroad by the previous governments. In order to obtain foreign income, we need to be able to develop and produce products that are sold abroad. Exporting these products to foreign countries will increase foreign exchange. By improving the manufacturing process, business operators will also improve their economy.

For the development of the country's economy, as civil servants, they must participate as long as they are capable of playing their roles. Regarding state employees, we are providing increased allowances. Officials need to take action to ensure that the state receives the rightful taxes.

**Education and health**

In response to the current global trends in education and IT, it is essential for everyone to attain at least a secondary level education. To make the most of a country's resources, we need a well-educated workforce. As such, we are implementing a compulsory education system up to KG + 9. Measures are being taken to hire sufficient teachers and upgrade schools to meet high standards. Basic education schools will be established according to regional and state needs to align with the required school standards. Additionally, teacher training programs must equip educators to teach effectively. When schools that were temporarily closed reopen, extra time will be dedicated to ensuring students achieve true literacy.

**It is essential for each sector to fulfill its responsibilities and contribute to the nation's progress**

We will make the next election to be a free and fair election, and we will conduct a census of population and household contents starting from October 1 to provide assistance for the election. The census is a very beneficial activity for the country, and based on the information obtained, it will be possible to manage a lot for the benefit of the country. Therefore, the officials from the regions and states need to work together to ensure the success of the population and household census. Regarding politics, civil servants must be free from party politics and must only carry out national affairs for the betterment of the country. As civil servants, they must fulfill their duties and work for the benefit of the region according to their assigned areas. He wants to order them to bring about the benefit of the country as long as they are able, said the Senior General.

After that, it was reported that the Senior General warmly greeted the attendees.

100

---

►► From Page -19

development measures of the State and other processes.

In conclusion, I would like to note that the population and household census to be enumerated from 1 to 15 October 2024 is a self-reliant national process based on internal human resources. Just a single person or an organization cannot implement such a process, and all citizens and national brethren across the nation ave to successfully gather the census through the united strength as part of showing off capability of the State to the world. On other ward, it is a great chance to post a milestone through the collaborative efforts of the entire ethnic national people. That is why I would like to urge entire ethnic people to actively participate in the census-taken process as a national process of the State in accord with the motto: **"Let's enumeate census with public participation".**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets region/state chief ministers, members of Yangon Region cabinet, region level departmental officials and discusses regional development

NAY PYI TAW September 1

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met region/state chief ministers, members of Yangon Region cabinet, region level departmental officials at Mingala Hall of Yangon Region government office this morning and discussed regional development.

Also present were SAC Joint Secretary General Ye Win Oo, SAC members General Maung Maung Aye and General Nyo Saw, Union Minister for Construction U Myo Thant, Yangon Region Chief Minister U Soe Thein, Kayin State Chief Minister U Saw Myint Oo, Tanintharyi Region Chief Minister U Myat Ko, Bago Region Chief Minister U Myo Swe Win, Mon State Chief Minister U Aung Kyi Thein, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, deputy ministers.




Senior General Min Aung Hlaing meets Region and State Chief Ministers and officials from Yangon Region government.

**Regional facts and development activities presented**

Region/state chief ministers reported on region/state-wise points, ongoing farming activities, production capacity, MSME development, industrial zone-wise production development, undertakings for health,education and tourism development, successful launching of population and housing census, and area-wise peace and development programs.

**Clarifications by officials**

As regards the clarifications, Union Minister U Myo Thant and deputy ministers for agriculture, livestock and irrigation explained plans to repair roads and bridges damaged during the monsoon season, availability of quality seeds for agriculture, necessary land preparations and systematic methods to use pesticides, effective use of water, dissemination of agricultural knowledge, provision of paddy seeds for inundated fields, efforts to develop livestock farms, extension of layer, broiler and milk cow breeding, availability of human resources for farming.

**Additional clarifications**

In giving additional clarifications, the Senior General said road areas and territories have already been designated in accord with the roads law. Renewal of grants for the land areas that are within the road areas must be limited. Systematic drainage systems must be installed by digging drains on both sides of roads, so that they will have required features. Good drainage system will prevent floods.





The Taninthayi Region Chief Minister presents report on rubber production.

See Page - 20 ●●

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စားအုန်းဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် စက်တင်ဘာ ၁

စားအုန်းဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ကုန်သွယ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် စားအုန်းဆီတင်သွင်းသည့်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများက Online ဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ တင်သွင်းသည့် စားအုန်းဆီ ဆိပ်ကမ်းအရောက် တန်ဖိုး၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတို့အပေါ်အခြေခံကာ ပြည်တွင်းကုန်ကျစရိတ်များကိုတွက်ချက်၍ တစ်ပိဿာလက်ကားရည်ညွှန်းဈေးနှုန်းကို နိုင်ငံပိုင်သတင်းစာများ၌ အပတ်စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးထုတ်ပြန်ထားရှိကြောင်း၊ ထုတ်ပြန်ကြေညာထားရှိသည့်ရန်ကုန်အထိုင်အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းအပေါ် သယ်ယူပို့ဆောင်ခ၊ အလုပ်သမားခများထပ်ပေါင်းပြီး လက်ကား၊ လက်လီအဆင့်တစ်ဆင့်စီတိုင်း၌ အမြတ်နှစ်ရာခိုင်နှုန်းထက်မပိုဘဲ ဖြန့်ဖြူးရောင်းချရန် ညွှန်ကြားထားရှိကြောင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် မရောင်းချဘဲ ဝိသမလောဘနှင့် အမြတ်တင်ရောင်းချမှုများ၊ သိုလှောင်မှုများကို ဖော်ထုတ်အရေးယူလျက်ရှိကြောင်း၊ စားအုန်းဆီတင်သွင်းသည့် လုပ်ငန်းရှင်များ၊ လက်ကား၊ လက်လီများ၏ ဖြန့်ဖြူးရောင်းချမှုများကို ကြီးကြပ်ထိန်းကျောင်းပေးရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနှင့် စားအုန်းဆီတင်သွင်းသည့်လုပ်ငန်းရှင်များက စားအုန်းဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးများက ကုမ္ပဏီများ၊ လက်ကား၊ လက်လီများ၏ စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကို ကြီးကြပ်ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ဈေးနှုန်းမြှင့်တင်ရောင်းချသူများကို ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် စားသုံးသူလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးနေသည့် နည်းလမ်းများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

၁-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| ခန္တီး | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| အမ်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


### ပျောက်ဆုံးကြောင်း
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၈၉၂)၊ ဦးပိုင်အမှတ်(၂၃၉)၊ ယာမြေဧရိယာ ၀.၉၀ ဧကပိုင်ဆိုင်သည့် ဦးကျင်သိန်း ၉/ပမန(နိုင်)၀၉၃၉၈၂ ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) မူရင်းမှာ မိမိနေအိမ်အရွှေ့အပြောင်းပြုလုပ်ရာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၈၂၅၅၈၆

### ပျောက်ဆုံးကြောင်း
ပိုင်ဇင်ဦး(ဘ)ဦးမောင်ငွေး၏သား ၁၀/ကထန(နိုင်)၁၃၀၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 225210)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၈၀၁၅၁၀

### မိဘအမည်မှန်
ဘီးလင်းမြို့နယ်၊ အ.ထ.က(ကန်သာယာ)ကျောင်း၊ Grade-6 မှ မသဲနု၏မိဘအမည်မှန်မှာ ဦးအောင်အောင် ၁၀/ဘလန(နိုင်) ၁၉၁၅၁၄ နှင့် ဒေါ်စုလှိုင်စိုး ၁၀/ဘလန(နိုင်)၂၀၁၀၄၃၃ ဖြစ်ပါကြောင်း။
ဦးအောင်အောင်- ဒေါ်စုလှိုင်စိုး




### ဖခင်အမည်မှန်
ဇလွန်မြို့နယ်၊ ကတော့ကရက်ကျေးရွာ၊ အ.ထ.က ခွဲ(ခင်ပြည့်) Grade-4 မှ မောင်ကျော်သူအောင်၏ဖခင်အမည်မှန်မှာ ဦးခင်ဟံဝင်း ၁၄/ဇလန(နိုင်)၁၂၁၄၈၄ ဖြစ်ပါကြောင်း။
ဦးခင်ဟံဝင်း

### ဖခင်အမည်မှန်
ဘီးလင်းမြို့နယ်၊ အ.ထ.က(ဘီးလင်း) ကျောင်း၊ Grade-7(D) မှ မောင်ဇင်မင်းဦး၏ဖခင်အမည်မှန်မှာ ဦးသန်းဦး ၁၀/ဘလန(နိုင်)၀၇၅၆၄၃ ဖြစ်ပါကြောင်း။
ဦးသန်းဦး

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြင်စိုင်းလမ်းနေ နေဝင်းလှိုင်(ဘ)ကိုဦး ၁၂/ဥကမ(နိုင်)၁၉၃၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 932600) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၀၅၀၈၀၀

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြင်စိုင်းလမ်းနေ ဇင်မာဝင်း(ဘ)ဝင်းမြင့် ၁၂/ဥကမ(နိုင်)၂၁၇၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 932587) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၆၀၆၂၉၄၁

### ဖခင်အမည်မှန်
ဘီးလင်းမြို့နယ်၊ အ.မ.က၊ ရွှေအင်ဒုံ(တောင်ကလေး)ကျောင်း၊ Grade-5 မှ စောကျော်ဇော်ထွေး၏ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ ၁၀/ဘလန(နိုင်)၀၆၇၉၃၉ ဖြစ်ပါကြောင်း။
ဦးကျော်ဆွေ

### မိခင်အမည်မှန်
ဘီးလင်းမြို့နယ်၊ အ.မ.က၊ ရွှေအင်ဒုံ(တောင်ကလေး)ကျောင်း၊ Grade-3 မှ မဇာဇာထွန်းနှင့် Grade-2 မှ မောင်ဇော်ဇော်ထွန်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်သီတာ ၁၀/ဘလန(နိုင်)၂၂၂၈၁၂ ဖြစ်ပါကြောင်း။ ဒေါ်ခင်သီတာ

### မိခင်တစ်ဦးတည်းဖြစ်ကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၁)Grade-12 အခန်း(D) ၂၀၂၄-၂၀၂၅ တွင် ပညာသင်ကြားနေသော ၁၄/ဖပန(နိုင်)၂၆၉၁၅၈ ကိုင်ဆောင်သူ မသိမ့်သိမ့်၏မိခင် ၁၄/ဖပန(နိုင်)၀၉၀၉၉၆ ကိုင်ဆောင်သူ ဒေါ်သင်းသင်းမော်(ခ)ဒေါ်သင်းမော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်သင်းသင်းမော်(ခ)ဒေါ်သင်းမော်

### ပျောက်ဆုံးကြောင်း
အောင်ထိုက်(ဘ)ဦးစိုးစိုးလေး ၅/ကလထ(နိုင်)၀၇၂၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၈၃၇၅၈၄၂

### ဖခင်အမည်မှန်
ဘီးလင်းမြို့နယ်၊ အ.လ.က(ကျောက်ရေတွင်း) ကျောင်း၊ Grade-7 မှ မစုးစုးဇင်၏ဖခင်အမည်မှန်မှာ ဦးဒီဇင်ဘာလမင်း ၁၀/ဘလန (နိုင်)၁၄၅၉၉၁ ဖြစ်ပါကြောင်း။
ဦးဒီဇင်ဘာလမင်း

### မိခင်အမည်မှန်
ဘီးလင်းမြို့နယ်၊ အ.မ.က၊ ရွှေအင်ဒုံ(တောင်ကလေး)ကျောင်း၊ Grade-5 မှ မချိုခင်ဦး၏မိခင်အမည်မှန်မှာ ဒေါ်ခင်ဝင်း ၁၀/ဘလန (နိုင်)၁၄၀၇၉၀ ဖြစ်ပါကြောင်း။
ဒေါ်ခင်ဝင်း

### ပျောက်ဆုံးကြောင်း
စမ်းစမ်းအေး(ဘ)ဦးထွန်းတင် ၁၀/ကထန(နိုင်)၀၃၄၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 238167)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၉၆၇၀၃၆၇

### ပျောက်ဆုံးကြောင်း
အေးအေးဟန်(ဘ)ဦးအောင်သိမ်း ၇/ညလပ(နိုင်)၁၃၈၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၄၁၈၃၇၃

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အောင်ဇေယျ(၂)ရပ်ကွက်နေ ဖိုးအေး(ဘ)ဦးမောင်မြင့် ၇/ကတခ(နိုင်)၁၅၄၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 674949)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၁၀၇၈၉၂

### ပျောက်ဆုံးကြောင်း
တင်နီလာဦး(ဘ)ဦးစိုးစိုး ၁၂/သဃက(နိုင်)၁၆၇၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မြင့်နိုင်(ဘ)ဦးကျော်သိန်း ၅/ခဥတ(နိုင်)၀၅၃၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 279023)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကြွယ်ဝိုက်လျှန်း(ဘ)ဦးအွန်ခင်ပေါင် ၅/ကလထ(နိုင်)၃၃၈၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 248425)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၂၈၆၄၆၄

### ပျောက်ဆုံးကြောင်း
ဟန်မျိုးထက်(ဘ)ဦးဝင်းအေး ၉/တသန(နိုင်)၂၂၃၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အေးပပနိုင်(ဘ)ဦးခင်မောင်ရွှေ ၁၄/ဘကလ(နိုင်)၃၃၉၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 911693)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၃၄၀၂၄၄

### ပျောက်ဆုံးကြောင်း
ကျော်မြင့်သူ(ဘ)ဦးမြင့်အောင် ၁၀/ပမန(နိုင်)၁၃၁၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လျောင်ရင်းရင်း(ခ)ဒေါ်မြညွန့်(ဘ)Sin Chan ၁၃/မရန(ပြု)၀၀၁၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သောင်းငွေး(ဘ)ဦးသိန်းမောင်ညွန့် ၁၁/မပန(နိုင်)၀၈၆၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 002094)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နန်းခင်ချောစု(ဘ)ဦးမိုင်အောင်မြတ် ၁၃/ကမန(နိုင်)၁၃၄၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 135545)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### အမည်ပြောင်း
ပဲခူးမြို့၊ အ.ထ.က(၃)ကျောင်း၊ Grade-5(B) မှ အဘ ဦးရန်မျိုးအောင်၏သမီး မနန်းအိဖြိုးဝန်းအား မဆုရွှေရည်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မဆုရွှေရည်ထက်

### ပျောက်ဆုံးကြောင်း
ဇော်မင်းထက်(ဘ)ဦးဖိုးစိန် ၇/နတလ(နိုင်)၁၂၄၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ဘွဲ့ဘာအီယန်း(ဘ)ဦးနေမှုံး ၅/ကလထ (နိုင်)၂၇၁၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 741123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


စာပေမြင့်မှ လူမျိုးတင့်မည်

## ENERGY

# EV များကို ဗို့အားမြင့်ဖြင့်အားသွင်းစေနိုင်မည့် ကြားခံပစ္စည်းကို တိုရှီဘာမိတ်ဆက်

ဂျပန်နိုင်ငံ၏ နည်းပညာကုမ္ပဏီကြီးဖြစ်သော တိုရှီဘာကုမ္ပဏီက EV ကားများကို ဗို့အားမြင့်ဖြင့်အားသွင်းစေနိုင်မည့် ကြားခံပစ္စည်းကို မိတ်ဆက်လိုက်ပြီဖြစ်သည်။

ယနေ့ခေတ် EV များတွင် အားသွင်းချိန်တိုတောင်းခြင်းနှင့် တစ်ကြိမ်အားသွင်းပြီးလျှင် ခရီးအကွာအဝေးရှည်လျားစွာသွားနိုင်ခြင်းက အသုံးပြုသူများကိုဆွဲဆောင်နေသည့်အချက်ဖြစ်လာသည်။ ထိုသို့သောအခြေအနေကိုပိုင်ဆိုင်နိုင်ရေးအတွက်ဆိုလျှင် အကောင်းဆုံးဖြစ်သောဘက်ထရီစွမ်းဆောင်ရည်နှင့် စနစ်လိုအပ်မည်ဖြစ်သည်။


ထို့အတွက် ဘက်ထရီစီမံခန့်ခွဲမှုစနစ်က ကောင်းမွန်သောဘက်ထရီစွမ်းဆောင်ရည်ကိုရရှိစေရန် ကူညီပေးမည်ဖြစ်သည်။ ထိုနေရာတွင် ဗို့အားမြင့်မားသောလျှပ်စစ်စီးကြောင်းကို ဘေးကင်းစွာအသုံးပြုနိုင်ရေးအတွက် တိုရှီဘာကုမ္ပဏီက ကြားခံပစ္စည်းတစ်ခုဖြစ်သည့် လျှပ်စစ်ခလုတ်အားထိန်းကိရိယာကို မိတ်ဆက်လာခြင်းဖြစ်သည်။

သာမန်အားဖြင့် ထိုကိရိယာမျိုးသည် ဗို့အား ၄၀၀ အထိသာကောင်းစွာကိုင်တွယ်နိုင်စွမ်းရှိသည်။ သို့သော် တိုရှီဘာ၏ ကြားခံကိရိယာက ဗို့အား ၉၀၀ အထိကို ခံနိုင်ရည်ရှိသည်။

ထို့ကြောင့်အနာဂတ်တွင် ဘက်ထရီစွမ်းဆောင်ရည်ပိုမိုမြင့်မားပြီး အချိန်တိုအတွင်းအားသွင်းမှုပိုမိုမြန်ဆန်စေမည့် EV များကို ထွက်ပေါ်လာစေမည်ဖြစ်သည်။

**Ref: IE**

**K.H**




# ပါးလွှာသောဖလင်ပြားများကြောင့် EV ဘက်ထရီများ၏ စွမ်းဆောင်ရည်ကို နှစ်ဆတိုးစေမည်

အမေရိကန်စွမ်းအင်ဝန်ကြီးဌာန၏ သုတေသနဌာနတစ်ခုဖြစ်သော ORNL က EV ဘက်ထရီများ၏စွမ်းဆောင်ရည်ကို နှစ်ဆတိုးမြင့်စေမည့် ကွေးညွတ်နိုင်ပြီး ခံနိုင်ရည်ရှိသည့် ပါးလွှာသောဖလင်ပြားများကို တီထွင်နေသည်။


အဆိုပါဖလင်ပြားများကို ပုံဆောင်ခဲပုံစံရှိဘက်ထရီများအတွက် လျှပ်လိုက်ပြားအဖြစ်အသုံးပြုနိုင်မည်ဖြစ်သောကြောင့် လျှပ်ခေါင်းများပါဝင်သည့် အနာဂတ်ဘက်ထရီများတွင် စွမ်းအင်သိပ်သည်းဆလည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။

အထူ မိုက်ခရိုမီတာ ၃၀ အောက်သာရှိမည့် လျှပ်လိုက်ပြားများကိုဖန်တီးရခြင်းသည် လီသီယံအိုင်းယွန်းဘက်ထရီများတွင် စွမ်းအင်ပမာဏအများအပြားကို ပိုမိုသိုလှောင်နိုင်စေရန်ဖြစ်ပြီး ထိုဘက်ထရီများကြောင့် လျှပ်စစ်ပစ္စည်းများကို အချိန်ကြာမြင့်စွာအသုံးပြုနိုင်စေမည်ဟု သုတေသနဌာနမှပညာရှင်တစ်ဦးဖြစ်သည့် ဂေါင်ယန်းကပြောသည်။

ထိုသုတေသနအဖွဲ့အနေဖြင့် နောက်ထပ်လုပ်ဆောင်မည့်အစီအစဉ်မှာ အဆိုပါပါးလွှာသော လျှပ်လိုက်ပြားများကို မျိုးဆက်သစ်လျှပ်ခေါင်းများတွင် ထည့်သွင်းတပ်ဆင်နိုင်စေမည့်ကိရိယာကို ဖန်တီးတီထွင်သွားရန်နှင့် လက်တွေ့စမ်းသပ်မှုများကိုလုပ်ဆောင်သွားရန်ဖြစ်သည်။


**Ref: IE**

**K.H**



## SCIENCE & SPACE

# ကမ္ဘာ့မြေမျက်နှာပြင်အောက် မိုင်ထောင်ပေါင်းများစွာ၌ မုန့်လက်ကောက်ပုံ ဒေသတစ်ခုတည်ရှိနေ



ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သုတေသနပညာရှင်များက ကမ္ဘာ့မြေမျက်နှာပြင်အောက် မိုင်ထောင်ပေါင်းများစွာ၌ မုန့်လက်ကောက်ပုံစံဒေသတစ်ခု တည်ရှိနေကြောင်း ဖော်ထုတ်တွေ့ရှိလိုက်သည်။

အဆိုပါဒေသသည် ကမ္ဘာ့အရည်အူတိုင်အတွင်းတည်ရှိနေပြီး ထိုကဲ့သို့တွေ့ရှိခြင်းကြောင့် ကမ္ဘာ့သံလိုက်စက်ကွင်းနှင့် ကမ္ဘာမြေပေါ်ရှိသက်ရှိများအတွက် ၎င်း၏အရေးပါမှုအပေါ် ယခင်နားလည်ထားမှုများကို ပြောင်းလဲစေနိုင်မည်ဟု သုတေသီများကပြောသည်။

အသစ်တွေ့ရှိသည့် အဆိုပါဒေသသည် ကမ္ဘာကြီး၏ပြင်ပအူတိုင်ထိပ်တွင်တည်ရှိကြောင်း၊ တိတိကျကျဆိုရလျှင် အရည်အူတိုင်က ကမ္ဘာ့အူတိုင်ကိုလွှမ်းခြုံထားသည့်အလယ်လွှာတို့ ဆုံသောနေရာတွင်ဖြစ်ကြောင်း သုတေသီများကပြောသည်။

သုတေသီများသည် မြေငလျင်လှိုင်းများကိုလေ့လာခြင်းဖြင့် ထိုဒေသတည်ရှိနေမှုကိုသိရှိရခြင်းဖြစ်သည်။ ထို့ပြင် ယင်းဒေသသည် နည်းပါးသည့်လှုပ်ရှားမှုအလျင်သာရှိသည်ဟု သုတေသီများကပြောသည်။


ယခုကဲ့သို့အလျင်နည်းပါးရခြင်းသည် သိပ်သည်းမှုမြင့်မားသော ပေါ့ပါးသည့်ဒြပ်ပစ္စည်းများရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုပစ္စည်းများသည် ပြင်ပအူတိုင်ရှိအရည်များကို မွှေနေခြင်းဖြစ်နိုင်ကြောင်း သုတေသီများကပြောထားသည်။

**Ref: IE**

**K.H**

# ဟိမဝန္တာရေခဲပြင်အောက်မှ နှစ်ပေါင်း ၄၀၀၀၀ ကျော်ရှိ ဗိုင်းရပ်များစွာကိုတွေ့ရှိ





ဟိမဝန္တာဒေသရှိရေခဲပြင်များအောက်မှ နှစ်ပေါင်း ၄၀၀၀၀ ကျော်သက်တမ်းရှိ ဗိုင်းရပ်အမျိုးအစားပေါင်း ၁၇၀၀ နီးပါးကို တွေ့ရှိကြောင်း သုတေသနပညာရှင်များက မကြာသေးမီကထုတ်ပြန်ထားသည်။

လက်ရှိတွင် ထိုဗိုင်းရပ်များအနေဖြင့် ယခုကဲ့သို့နှစ်ပေါင်းများစွာတည်ရှိနေနိုင်သည်ကို သုတေသနပညာရှင်များက လေ့လာဆန်းစစ်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ထို့ပြင် ယခုကဲ့သို့ရှေးဟောင်းဗိုင်းရပ်များကိုတွေ့ရှိရခြင်းသည် ကမ္ဘာကြီးပူနွေးလာမှု၏ အချက်ပေးခေါင်းလောင်းသံဖြစ်ကြောင်း၊ များပြားလှစွာသောဗိုင်းရပ်များထဲမှတစ်မျိုးမျိုးက လူများကိုကူးစက်လာစေနိုင်ကြောင်း ပညာရှင်များကသတိပေးထားသည်။

ဥပမာ အမီးဘားဗိုင်းရပ်သည် နက်ရှိုင်းမြေလွှာများအတွင်း အချိန်ကြာမြင့်စွာရှင်သန်နိုင်သည့်အပြင် လူများကိုကူးစက်နိုင်စေကြောင်း၊ ထို့ကြောင့် နက်ရှိုင်းမြေလွှာရှိအခြားဗိုင်းရပ်များသည်လည်း လူသားကိုကူးစက်နိုင်စေမည်ဖြစ်ကြောင်း ပညာရှင်များကပြောထားသည်။

**Ref: IE**

**K.H**

# NASA ၏ဆိုလာရွက်ယာဉ်က ရွက်ပြားများကိုအောင်မြင်စွာဖြန့်ထုတ်နိုင်

NASA ကလွှတ်တင်ထားသော ဆိုလာရွက်ယာဉ်က ရွက်ပြားများကိုအောင်မြင်စွာဖြန့်ထုတ်လိုက်နိုင်ကြောင်း ထုတ်ပြန်ထားသည်။ ဆိုလာရွက်ယာဉ်ကို ဧပြီလ ၂၄ ရက်တွင် လွှတ်တင်လိုက်ခြင်းဖြစ်ပြီး ပြီးခဲ့ သည့်လကုန်ပိုင်းတွင် ရွက်ပြားများကို ဖြန့်ထုတ်နိုင်ခြင်းဖြစ်သည်။

ရေပေါ်တွင် လေကြောင့်ရွက်လှေများ ခရီးသွားနိုင်သကဲ့သို့ အာကာသအတွင်း ရွက်ယာဉ်က နေရောင်ခြည်ပမာဏအနည်းငယ်မျှဖြင့် ခရီးဆက်နိုင်စွမ်းရှိသည်။



ယခုဆိုလာရွက်ယာဉ်သည် စမ်းသပ်အဆင့်ဖြင့် လွှတ်တင်လိုက်သည့်ယာဉ်ဖြစ်ပြီး ၎င်း၏အောင်မြင်မှုက နောက်ပိုင်းတွင် လွှတ်တင်မည့် အာကာသယာဉ်များဖန်တီးမှုကို အထောက်အပံ့ကောင်းများပေးနိုင်စေမည်ဖြစ်သည်။

**Ref: IE**

**K.H**

# ရုရှားက ယူကရိန်း၏ဒရုန်းအမြောက်အမြားဖြင့်တိုက်ခိုက်မှုကို တွန်းလှန်ဟန့်တားနိုင်ခဲ့

မော်စကို၊ စစ်ရေး

ယူကရိန်းစစ်ဘက်က စက်တင်ဘာလ ၁ ရက်တွင် ရုရှားနိုင်ငံအတွင်းရှိ စွမ်းအင်အဆောက်အအုံပစ်မှတ်များအပေါ် ဒရုန်းအမြောက်အမြားဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ရာ ထိုတိုက်ခိုက်မှုကို တွန်းလှန်ဟန့်တားလိုက်နိုင်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တိုက်ခိုက်လာသော ယူကရိန်း၏ဒရုန်း ၁၅၈ စင်းကို ရုရှားနိုင်ငံရှိ ဒေသပေါင်း ၁၂ ခုကျော်မှနေ၍ ဒုံးကျည်များဖြင့်ပစ်ချခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်ရေးလက်နက်များဖြင့် ကြားဖြတ်ဟန့်တားနိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုတိုက်ခိုက်မှုတွင် ဒရုန်းများပျက်ကျမှုကြောင့် မီးလောင်မှုအချို့သာရှိကြောင်းနှင့် လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ကြီးကြီးမားမားပျက်စီးဆုံးရှုံးမှုတို့ မရှိကြောင်းတာဝန်ရှိသူများကပြောသည်။

ယူကရိန်းအနေဖြင့် ဇန်နဝါရီလမှစ၍ ရုရှားနိုင်ငံအတွင်းသို့ လေယာဉ်ပုံစံဒရုန်းများအသုံးပြုကာ တိုက်ခိုက်မှုများတိုးမြှင့်လုပ်ဆောင်လာသော်လည်း လူနေဒေသများအပေါ်သို့သာ ကျရောက်ခဲ့သည်။

ထိုအချိန်မှစ၍ ရုရှားက ယူကရိန်း၏ ခေတ်အားပေးအဆောက်အအုံများကိုပစ်မှတ်ထားတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ရာ ယခုအခါ ယူကရိန်းနိုင်ငံတွင် နျူကလီးယား မဟုတ်သော အခြားစွမ်းအင်အသုံးပြုခေတ်အားပေးစက်ရုံများ လည်ပတ်နိုင်ခြင်းမရှိတော့ကြောင်း RT သတင်းဌာနကဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် မြေပြင်တွင်ရုရှားတပ်များက ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ အဓိကကျသောမြို့ဆီသို့ အောင်မြင်စွာ ချီတက်စစ်ဆင်ဝင်ရောက်လာနေကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောထားသည်ဟု သိရသည်။

**Ref: RT**



# သတင်းတိုကဏ္ဍ

## ကမ်မလာဟဲရစ်က ဒေါ်နယ်ထရမ့်ထက် ခန့်မှန်းရလွယ်သောပြိုင်ဘက်ဖြစ်ဟု ရုရှားပြော

အမေရိကန်ဒီမိုကရက်တစ်ပါတီမှ ရွေးကောက်ပွဲဝင်မည့် သမ္မတကိုယ်စားလှယ်လောင်း ကမ်မလာဟဲရစ်သည် ဒေါ်နယ်ထရမ့်ထက် ခန့်မှန်းရလွယ်သောပြိုင်ဘက်ဖြစ်သည်ဟု ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ကပြောသည်။

ရုရှားနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၌မည်သူက သမ္မတဖြစ်မည်ကို စိတ်ဝင်စားခြင်းမရှိကြောင်း၊ သို့သော် ဂျိုးဘိုင်ဒင်နှင့် ကမ်မလာဟဲရစ်တို့အပါအဝင် ဒီမိုကရက်များအားလုံးသည် ခန့်မှန်းရလွယ်သူများဖြစ်ကြောင်း ပက်စကော့ကအင်တာဗျူးတစ်ခုတွင်ပြောထားသည်။

အလားတူ အနာဂတ်တွင် ဒီမိုကရက်များအနေဖြင့် ရုရှားနှင့်ဥရောပနိုင်ငံများအပေါ်ထားရှိမည့်သဘောထားသည်လည်း လက်ရှိအတိုင်းပင်ပြောင်းလဲမည်မဟုတ်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် ရုရှား-အမေရိကန်ဆက်ဆံရေးအခြေအနေသည် ဂျိုးဘိုင်ဒင်လက်ထက်တွင် အဆိုးဆုံးအနေအထားသို့ရောက်ရှိလာကြောင်းနှင့် သည်းခံနိုင်သည့်အခြေအနေတွင်မရှိတော့ကြောင်း ၎င်းကပြောထားသည်။ **Ref: Sputnik**

## ဖိလစ်ပိုင် အွန်လိုင်းလောင်းကစားမှုတွင်ပါဝင်သူ ပြည်ပနိုင်ငံသား ၁၅၀ ကျော်ကိုဖမ်းဆီး

ဖိလစ်ပိုင်ရဲတပ်ဖွဲ့က အွန်လိုင်းလောင်းကစားလုပ်နေသည့် နေရာတစ်ခုကိုဝင်ရောက်စီးနင်းရာ ပြည်ပနိုင်ငံသား ၁၅၀ ကျော်ကို ဖမ်းဆီးရမိကြောင်း တာဝန်ရှိသူများက စက်တင်ဘာလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

အွန်လိုင်းလောင်းကစားလုပ်သူများက စီဘူးမြို့ရှိ အပန်းဖြေစခန်းတစ်ခုတွင် နေထိုင်ကာ အဆိုပါပြစ်မှုကိုကျူးလွန်နေကြခြင်းဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သည့်အဖွဲ့သုံးဖွဲ့ရှိကြောင်း သမ္မတရုံး၏ရာဇဝတ်မှုချေမှုန်းရေးကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

ယခုကဲ့သို့စီးနင်းမှုသည် နိုင်ငံအတွင်းတားမြစ်ထားသည့် တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းများလုပ်ရန် ကြိုးပမ်းသူများကို သတိပေးခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောသည်။

တာဝန်ရှိသူများသည် အင်ဒိုနီးရှားသံရုံး၏တောင်းဆိုချက်ကိုရရှိပြီးနောက် ယခုကဲ့သို့ဝင်ရောက်စီးနင်းမှုကို လုပ်ဆောင်ခြင်းဖြစ်သည်။ **Ref: BP**

## ကမ်ချတ်ကာ၌ ရဟတ်ယာဉ်ပျက်ကျမှုမှ ရုပ်အလောင်း ၁၇ လောင်းတွေ့ရှိ

ရုရှားနိုင်ငံ အရှေ့ဖျားစွန်းရှိ ကမ်ချတ်ကာကျွန်းဆွယ်၌ဖြစ်ပွားသော ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုတွင် သေဆုံးသူများအနက် ရုပ်အလောင်း ၁၇ လောင်းကို တွေ့ရှိထားကြောင်း ရုရှားအရေးပေါ်အခြေအနေများဝန်ကြီးဌာနက စက်တင်ဘာလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါရဟတ်ယာဉ်သည် Mi-8T အမျိုးအစားရဟတ်ယာဉ်ဖြစ်ပြီး ခရီးသည် ၁၉ ဦးနှင့် အမှုထမ်းသုံးဦးတို့ကိုတင်ဆောင်ကာ ဩဂုတ်လ ၃၁ ရက်တွင်ပျောက်ဆုံးသွားခြင်းဖြစ်သည်။

ထို့နောက် အရေးပေါ်အခြေအနေများဝန်ကြီးဌာနက အဆိုပါရဟတ်ယာဉ်ပျက်ကျကြောင်း စက်တင်ဘာလ ၁ ရက်နံနက်ပိုင်းတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယခုအခါ ရဟတ်ယာဉ်ပျက်ကျမှုမှ သေဆုံးသူများအနက် ရုပ်အလောင်း ၁၇ လောင်းကိုတွေ့ရှိပြီဖြစ်သော်လည်း ကျန်ရုပ်အလောင်းများကို ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်းနှင့် ရဟတ်ယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ **Ref: Xinhua**

## ဂျပန်၌ ရှန်ရှန်မုန်တိုင်းကအားလျော့သွားသော်လည်း မိုးသက်မုန်တိုင်းများတိုက်ခတ်

ဂျပန်နိုင်ငံသို့ဝင်ရောက်တိုက်ခတ်သည့် ရှန်ရှန်တိုင်ဖွန်းမုန်တိုင်းသည် စက်တင်ဘာလ ၁ ရက်တွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားပြီဖြစ်သော်လည်း မိုးသက်မုန်တိုင်းများ ဆက်လက်တိုက်ခတ်လျက်ရှိကြောင်းနှင့် မုန်တိုင်းကြောင့် လူခုနစ်ဦးသေဆုံးထားကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ အလွန်ကြီးသောမိုးတိမ်တောင်များနှင့် မိုးသက်မုန်တိုင်းများသည် နိုင်ငံတစ်ဝန်းတွင်ဖြစ်ပေါ်နေပြီး စက်တင်ဘာလ ၂ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးပစ်မှုများဆက်လက်ဖြစ်ပေါ်နေမည်ဟု မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူ မိုးရေချိန် တစ်နာရီလျှင် ၈၀ မီလီမီတာနှုန်းဖြင့်ရွာသွန်းမည့် မိုးကြောင့် ဆာအိတာမာ၊ ကာနာဂါဝါနှင့် ရှီဇူအိုကာဒေသတို့တွင် မြေပြိုမှုများဖြစ်ပွားနိုင်ဆဲဖြစ်သည်ဟု တာဝန်ရှိသူများကသတိပေးထားသည်။ **Ref: Xinhua**

# မွန်ဂျေးအင်က လာဘ်ပေးလာဘ်ယူမှုတွင် သံသယတရားခံအဖြစ်ပါဝင်နေ

ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားသမ္မတဟောင်း မွန်ဂျေးအင်သည် အစိုးရရှေ့နေများကစစ်ဆေးနေသော လာဘ်ပေးလာဘ်ယူမှုတစ်ခုတွင် သံသယတရားခံအဖြစ်ပါဝင်နေကြောင်း သိရသည်။

လေကြောင်းလိုင်းတစ်ခုထူထောင်ထားသူကို အရေးပါသောအစိုးရအဖွဲ့ဝင်တစ်ဦးအဖြစ်ခန့်အပ်ပေးနိုင်ရေးအတွက် အပြန်အလှန်အနေဖြင့် အဆိုပါလေကြောင်းလိုင်းက မွန်ဂျေးအင်၏သမက်ကို ၎င်းတို့ထံ၌အလုပ်တစ်နေရာပေးခဲ့ရကြောင်း အစိုးရရှေ့နေများကပြောထားသည်။

ထို့ကြောင့် ယင်းလာဘ်ပေးလာဘ်ယူမှုတွင် မွန်ဂျေးအင်ပါဝင်နေနိုင်ကြောင်း ထိုအမှုကိုစုံစမ်းစစ်ဆေးနေသည့် အစိုးရရှေ့နေများကပြောသည်။

လာဘ်ပေးသည့်လေကြောင်းလိုင်းမှာ Thai Easter Jet ဖြစ်ပြီး မွန်ဂျေးအင်၏သမက်က ထိုလေကြောင်းလိုင်းတွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးရရှိကာ အပြန်အလှန်အနေဖြင့် လွှတ်တော်အမတ်ဟောင်း လီဆန်ဂျစ်ကို ကိုရီးယားအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သောဌာနတွင် အကြီးအကဲအဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ခန့်အပ်ရန် ၂၀၁၇ ခုနှစ်တွင် သမ္မတ၏အတွင်းဝန်များအစည်းအဝေး၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: TST**




# ဂါဇာတွင် ကလေးငယ်များသေဆုံးရမှု အစ္စရေးကြောင့်ဟု ဟားမက်ပြော

ကိုင်ရို၊ စစ်ရေး

ဂါဇာတွင် ဟားမက်အဖွဲ့ကထိန်းသိမ်းထားသည့် ဓားစာခံများသေဆုံးရမှုသည် အစ္စရေးကြောင့်သာဖြစ်ကြောင်း ထိုအဖွဲ့၏နိုင်ငံရေးဗျူရိုအဖွဲ့ဝင်တစ်ဦးက စက်တင်ဘာလ ၁ ရက်တွင်ပြောသည်။

အစ္စရေးစစ်ဘက်က ဓားစာခံခြောက်ဦး၏ရုပ်အလောင်းများကို ရာဖာဒေသမှ တွေ့ရှိရကြောင်း ထုတ်ပြန်ပြီးနောက် ဟားမက်ဘက်က ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

ထိုဓားစာခံများသည် အစ္စရေးက ဂါဇာကိုဗုံးကြဲတိုက်ခိုက်မှုများအတွင်း သေဆုံးရသူများဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် အစ္စရေးကိုစစ်လက်နက်ပစ္စည်းများနှင့်ငွေကြေးထောက်ပံ့ပေးနေမှုများရပ်တန့်ရန်နှင့် အစ္စရေးကိုဂါဇာတွင်တိုက်ခိုက်မှုများရပ်တန့်စေရေးဖိအားပေးရန် တောင်းဆိုကြောင်း ဟားမက်တာဝန်ရှိသူတစ်ဦးက ပြောထားသည်။ **Ref: Sputnik**

# မော်လမြိုင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း( ရွှေနတ်တောင် )၌ ဆုချီးမြှင့်ပွဲပြုလုပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား/ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ တေဇခန်းမ၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ချုပ်မှုတာဝန်ခံက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်မှုနှင့် ယခုနှစ် အောင်ချက်မြင့်မားရေးဆောင်ရွက်ထားရှိမှုတို့အား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးက ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေပေးအပ်သည်။ ၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းသင် ဆရာမများနှင့် ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၂၆ ဦးနှင့် ကျောင်းတွင်းထူးချွန်ဆုရရှိသူ ၃၁ ဦးတို့အား ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြဝတီအသင်းက Young Elephants အသင်းကို ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁**

ဆော်ဒီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိနေသည့် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ်လ ၃၁ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် မြန်မာကလပ် မြဝတီအသင်းနှင့် လာအိုကလပ် Young Elephants အသင်းတို့ကစားခဲ့ရာ မြဝတီအသင်းက ၃ ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြဝတီအသင်းက အဓိက ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့သော်လည်း ခြေစွမ်းပိုင်းအရ Young Elephants အသင်းကို ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်းသည် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ အုပ်စုပထမပွဲစဉ်တွင် အိမ်ရှင်ဆော်ဒီကလပ် အယ်လ်နာဆာအမျိုးသမီးအသင်းနှင့်ကစားခဲ့ရာ ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယူအေအီးကလပ် အဘူဒါဘီကန်းထရီးအသင်းနှင့် ကစားခဲ့ရာ ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ အုပ်စုတတိယပွဲစဉ်အဖြစ် လာအိုကလပ် Young Elephants အသင်းနှင့် ကစားခဲ့ရာ ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး ရှုံးနိမ့်ခဲ့သည်။

အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A)အုပ်စုပွဲစဉ်များ အားလုံးပြီးဆုံးချိန်တွင် အဘူဒါဘီကန်းထရီးအသင်းက သုံးပွဲနိုင် ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အယ်လ်နာဆာအသင်းက နှစ်ပွဲနိုင်တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ Young Elephants အသင်းက တစ်ပွဲနိုင် နှစ်ပွဲရှုံး ရမှတ်သုံးမှတ်ဖြင့် အုပ်စုတတိယနှင့် မြဝတီအသင်းက တစ်ပွဲမှအနိုင်မရရှိခဲ့ဘဲ အုပ်စုစတုတ္ထနေရာတွင်သာရပ်တည်နိုင်ခဲ့သည်။

မြဝတီအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# ၂၀၂၄ ခုနှစ် စက်တင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှအားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ မီလီမီတာမှ ၂၄ မီလီမီတာအတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၅ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၃၅ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေ အသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**

# အာရှယူ-၂၀ ပြိုင်ပွဲခြေစစ်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်း ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲစဉ်များကစားမည်

**ရန်ကုန် စက်တင်ဘာ ၁**

အာရှယူ-၂၀ ပြိုင်ပွဲခြေစစ်ပွဲအတွက် ပြင်ဆင်လျက်ရှိနေသည့် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲစဉ်များ ကစားသွားမည်ဖြစ်ပြီး ယနေ့တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းကို နည်းပြအဖြစ် ပြည်တွင်းနည်းပြ ဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ပြီး စုစုပေါင်းကစားသမား ၂၄ ဦးဖြင့် စုဖွဲ့ထားကာ ထိုင်းနိုင်ငံအခြေစိုက်အသင်းများနှင့် ခြေစမ်းပွဲစဉ်များကစားရန် စီစဉ်ထားသည်။

မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းသည် ထိုင်းနိုင်ငံတွင် ယနေ့မှစတင်ပြီး စက်တင်ဘာလ ၁၄ ရက်ထိနေထိုင်ပြီး စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းသည် အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် အုပ်စု(I)တွင် ဂျပန်ယူ-၁၉ အသင်း၊ ကာဂျစ်စတန်ယူ-၁၉ အသင်း၊ တာ့ခ်မင်နစ္စတန်ယူ-၁၉ အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များကို စက်တင်ဘာလ ၂၅ ရက်မှ ၂၉ ရက်ထိ ကာဂျစ်စတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

# တနင်္ဂနွေနေ့ည ဘောလုံးပွဲရလဒ်များ

| အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၃) | | |
|---|---|---|
| ချဲလ်ဆီး | ၁ - ၁ | ပဲလေ့ |
| နယူးကာဆယ် | ၂ - ၁ | စပါး |
| မန်ယူ | ၀ - ၃ | လီဗာပူး |

| စပိန်လာလီဂါ ပွဲစဉ်(၄) | | |
|---|---|---|
| လီဂါနက် | ၀ - ၁ | မာယော့ကာ |
| ဗလင်စီယာ | ၁ - ၁ | ဗီလာရီးယဲ |
| အိုဆာဆူနာ | ၃ - ၂ | ဆဲလ်တာဗီဂို |

# ကယားပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ကြည့်ရှုစစ်ဆေး



လွိုင်ကော် စက်တင်ဘာ ၁

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာ(ယာယီ) ဈေးသို့သွားရောက်၍ ဈေးအတွင်း ပြည်နယ်အစိုးရအဖွဲ့၏စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်သူများအားသက်သာသောနှုန်းထားဖြင့်စားသုံးဆီရောင်းချပေးနေသည့် အခြေအနေအား ကြည့်ရှုခဲ့ပြီး သတ်မှတ်နှုန်းထားအတိုင်း ရောင်းချနေမှု ရှိ၊ မရှိနှင့် ရောင်းချသည့် အချိန်အတွယ်မှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကာ ဆီသုံးစွဲဝယ်ယူလျက်ရှိသော ပြည်သူများ၊ ဈေးသူဈေးသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ သီရိမင်္ဂလာဈေးအသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့သွားရောက်၍ ဈေးဆိုင်ခန်း တည်ဆောက်နေမှု၊ မြေတူးဖော်ခြင်းလုပ်ငန်း၊ ရေနုတ်မြောင်းများဆောင်ရွက်မည့်အစီအမံများ၊ ဈေးဆိုင်ခန်းများ တည်ဆောက်နေမှု စနစ်တကျရှိစေရေး၊ ယာယီပျံကျဈေးသည်များ အမိုးအကာနှင့် အမြန်ဆုံးရောင်းဝယ်နိုင်ရေး၊ ဈေးကောက်နှုန်းထားများသတ်မှတ်ချက်နှင့်အညီ ကောက်ခံရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါတမရပ်ကွက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရန်အောင်လမ်းကျောက်စီရေမြောင်းတည်ဆောက်ခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ ရေစီးရေလာကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေးတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် နမ့်ဘော်ဝမ်(ခ)ရပ်ကွက်ရှိ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသို့သွားရောက်ကာ ပြည်နယ်အတွက်လိုအပ်သည့် ငါးသားပေါက်များ ဖြန့်ဖြူးပေးနိုင်ရေး၊ ငါးမွေးတောင်သူများအား ငါးဆေးထိုးသားဖောက်နှင့် ငါးမွေးမြူရေးသင်တန်းများဆောင်ရွက်ပေးနိုင်ရေး၊ ပြည်နယ်ပြန်လည်ထူထောင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသည့် ငါးသားဖောက်ကန်များ တည်ဆောက်နေမှုအားလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်သူ့အငှားအိမ်ရာဝင်း ခြံစည်းရိုးအုတ်တံတိုင်းတည်ဆောက်နေမှုတို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

၎င်းနောက် ခရိုင်ကျေးလက်လမ်းဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ခရိုင်မီးသတ်ဦးစီးဌာနများသို့ သွားရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ဝန်ထမ်းများနေရာချထားနိုင်ရေးနှင့် ရုံးများအမြန် ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သာယာဝတီခရိုင်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

သာယာဝတီ စက်တင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးဗိုလ်ဗိုလ်မြင့်၊ သာယာဝတီခရိုင်မှူး ဦးသန်းမြတ်စိုးတို့နှင့်အတူ သာယာဝတီခရိုင်အတွင်းရှိ ဌာနဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်သည် သာယာဝတီခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ ဌာနဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ၏တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နတ်တလင်းမြို့နယ်သို့သွားရောက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် စစ်မင်းရောကုမ္ပဏီမှတာဝန်ယူဆောင်ရွက်သည့် သရက်တပင်-ဝဲတဲကျေးရွာချင်းဆက်လမ်း အရှည်(၂/၀)မိုင်၊အကျယ် ၁၄ ပေ၊ ထု ၈ လက်မ မြေနီကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လမ်းဘေးဝဲ/ယာတွင် အရိပ်ရသစ်ပင်များ၊ သီးပင်စားပင်များစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များအား မှာကြားခဲ့ကြောင်းသိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

# ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအပန်းဖြေနိုင်မည့် ရေပေါ်ဟိုတယ်အိုအေစစ်ဖွင့်လှစ်



ရန်ကုန် စက်တင်ဘာ ၁

ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အပန်းဖြေနိုင်မည့် ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရေပေါ်သင်္ဘောဟိုတယ်အိုအေစစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ် ဝါးတန်းအမှတ်(၆)ဆိပ်ခံတံတား၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တနိမလထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များရွတ်ပွားချီးမြှင့်သည့်အန္တရာယ်ကင်းပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဦးကျော်မင်းခင်၊ ဇနီး ဒေါ်ဝင်းမာအေး(OASIS)မိသားစုက နန္ဒာအောင်မြေကျောင်းလေးထပ်ကျောင်းဆောက်လုပ်ရေးအတွက် ငွေကျပ် ၂၅ သိန်းအား နန္ဒာအောင်မြေကျောင်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အမှတ်(၆)ဆိပ်ခံဇောတံတားတွင် ဆိုက်ကပ်ထားသော Oasis Floating Hotel ကို ဦးကျော်မင်းခင်၊ ဒေါ်ဝင်းမာအေးမိသားစု၊ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီနေအောင်နှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေပေါ်ဟိုတယ်သင်္ဘောသည် အလျား ၁၈၅ ပေ၊ အနံ ၃၆ ပေရှိပြီး သင်္ဘော၏အောက်ထပ်တွင် အခန်း ၂၀၊ အပေါ်ထပ်တွင် ၁၄ ခန်း စုစုပေါင်း ၃၄ ခန်းပါရှိပြီး Oasis Floating Hotel အနေဖြင့် Beauty Salon၊ Spa & Massage၊ Restaurant နှင့် Bar စသည့်ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်ကာ ယင်းဇိမ်ခံသင်္ဘောကို ဝါးတန်းအမှတ်(၆)ဆိပ်ခံဇောတံတားတွင် ပုံသေဆိုက်ကပ်ထားပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Win Swe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ဝင်းဆွေအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ "Phyo Sithu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သရက်ကုန်းကျေးရွာနေ ဖြိုးစည်သူအား ည ၈ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် International Transport Summit(2024) နှင့် International Municipal BRICS Forum(2024)တို့သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၁ ရက်မှ ၂၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် International Transport Summit (2024)နှင့် International Municipal BRICS Forum(2024) တို့သို့ တက်ရောက်ဆွေးနွေးခဲ့သည်။



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည်အဖွဲ့ဝင်များနှင့်အတူ ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းက Situation Center of Moscow ၌ ကျင်းပသည့် International Transport Summit (2024) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြို့ပြသယ်ယူပို့ဆောင်ရေး အချက်အလက်စီမံကိန်း (Urban Transport Data Project) ပူးတွဲကြေညာစာတမ်း၌ လက်မှတ်ရေးထိုးခဲ့ပြီး မော်စကိုမြို့၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ “Moscow Transport Complex” ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်၍ ညနေပိုင်းတွင် မော်စကိုမြို့ရှိ Sokolniki လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ (SVARZ)သို့ သွားရောက်လေ့လာခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းက Situation Center of Moscow ၌ ကျင်းပသည့် International Roundtable ဆွေးနွေးပွဲများသို့ တက်ရောက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက International Roundtable Session 2.1 ၌ “Transport, Ecology and Health in Nay Pyi Taw” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက International Roundtable Session 1.2 ၌ “Safety and Traffic Management” ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးခဲ့ပြီး မွန်းလွဲပိုင်းတွင် Central Exhibition Hall ၌ ကျင်းပပြုလုပ်သည့် Menege ပြပွဲသို့ သွားရောက် လေ့လာခဲ့သည်။

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Summit တက်ရောက်လာကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်များအား မော်စကိုအစိုးရအဖွဲ့ကကြိုဆိုလက်ခံတွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း မော်စကိုမြို့ရှိကရင်မလင်နန်းတော်နှင့် Moscow Planetarium သို့လည်းကောင်း၊ မော်စကိုသယ်ယူပို့ဆောင်ရေး Electric Vessel ဖြင့် မော်စကိုမြစ်တွင်းနှင့် မော်စကိုမြို့ရှိ Triumphal Gate သို့ လည်းကောင်း၊ Panorama 360 Tower နှင့် Ostankino Tower သို့လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့သည် International Municipal BRICS Forum ဖွင့်ပွဲအခမ်းအနားနှင့် Plenary Session များသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက Trends in the Development of Tourism Infrastructure in Nay Pyi Taw ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကာ ဩဂုတ်လ ၂၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ရာ ဩဂုတ် လ ၃၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၄၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့်စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂ ရက်မှ စက်တင်ဘာလ ၈ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင်ငွေကျပ်၆၄၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးရာသီ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀၀၀ စိုက်ပျိုးရန်လျာထား ၁၉၁၉၇ ဧက ကျော် စိုက်ပျိုးထုတ်လုပ်ထား

ရန်ကုန် စက်တင်ဘာ ၁



ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟင်းသီးဟင်းရွက်များ ရာသီအလိုက် ပြတ်လပ်မှုမရှိဘဲ အများပြည်သူစားသုံးနိုင်ရန် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် မိုးမြေပဲ၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး မြို့နယ်ပေါင်း ၁၈ မြို့နယ်၌ ၁၉၁၉၇ ဧကကျော် စိုက်ပျိုးထုတ်လုပ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယမန်နှစ်မိုးရာသီတွင်ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ယခုနှစ် မိုးရာသီ၌ ဧက ၅၀၀၀၀ လျာထားရာ ၁၉၁၉၇ ဧက စိုက်ပျိုးပြီးဖြစ်၍ ဟင်းသီးဟင်းရွက်သီးနှံသက်တမ်းအလိုက် လျာထားဧကနှင့်အညီ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်ပေါ်ဒေသနှင့် ပဲခူးတိုင်းဒေသကြီးမှဝင်ရောက်လာသော သီးနှံများ၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်နှင့် အခြားမြို့နယ်တို့မှထွက်ရှိသော ဟင်းသီးဟင်းရွက်များ သီရိမင်္ဂလာဈေးနှင့် တည်းကုန်းလက်ကားဈေးကြီးသို့ နေ့စဉ်ဖြန့်ဝေပြီး ဝင်ရောက်လျက်ရှိကာ မြို့နယ်အသီးသီးရှိဈေးများသို့ တစ်ဆင့်ပြန်လည်ကုန်စည်စီးဆင်းလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင် မိုးမြေပဲ ၅၂ ဧက၊ ဖူးစားပြောင်း ၂၀၂ ဧက၊ မုန်ညင်း၊ ချဉ်ပေါင်၊ ယုဆိုင်၊ ကန်စွန်း၊ ဟင်းနုနယ်၊ ကိုက်လန်၊ ဘူး၊ ရုံးပတီ၊ ခွေးတောက်၊ ကြက်ဟင်းခါးသီး၊ ပဲလင်းမြွေသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ကြောင်လျှာသီး၊ ခဝဲသီး၊ နံနံပင်၊ ပူဒီနာ၊ ဆလတ်ရွက်၊ ကင်ပွန်းချဉ်နှင့် အခြားဟင်းသီးဟင်းရွက်မျိုးစုံ ၁၈၉၄၃ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မိုးရာသီ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို ဧပြီလကုန်ပိုင်းတွင် စတင်စိုက်ပျိုးလေ့ရှိပြီး စိုက်ပျိုးသီးနှံသက်တမ်းအလိုက် ရက် ၃၀ မှ ရက် ၉၀ အထိ စိုက်ပျိုးကြလေ့ရှိကာ နိုဝင်ဘာလ ဆောင်းရာသီဝင်ရောက်ချိန်၌ ဆောင်းသီးနှံအဖြစ် ဆက်လက်စိုက်ပျိုးသောကြောင့် တိုင်းဒေသကြီးအတွင်း နေ့စဉ်စားသုံးမှုတွင်ပြတ်လပ်မှုမရှိစေရန်နှင့်ဟင်းသီးဟင်းရွက်လိုအပ်မှုမရှိစေရန် ရာသီအလိုက် တိုးမြှင့်စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ – ဖွဲ့မာန်

သစ္စာ(mna)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°c | / | ၃၂.၄°c |
| ရန်ကုန် | ၂၄°c | / | ၃၂.၅°c |
| မန္တလေး | ၂၆°c | / | ၃၁.၀°c |

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

# မန်ယူအသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို လူငယ်ကစားသမား အာမက်ဒီရယ်လိုဆွတ်ခူး




မန်ချက်စတာ စက်တင်ဘာ ၁

မန်ယူအသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို လူငယ်ကစားသမား အာမက်ဒီရယ်လိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ဩဂုတ်လတစ်လတာ အကောင်းဆုံးကစားသမားဆုအတွက် ကစားသမားသုံးဦးကို ဆန်ခါတင်ကစားသမားစာရင်းရွေးချယ်ပြီး ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း၏ ဩဂုတ်လတစ်လတာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် အာမက်ဒီရယ်လိုသည် အသင်းဖော်များဖြစ်သည့် လူငယ်တောင်ပံကစားသမား ဂါနာချိုနှင့် တောင်ပံခံစစ်ကစားသမား မာဇာရာဝီတို့နှင့်အတူ ပါဝင်လာပြီးနောက် အသင်းဖော်များကို ကျော်ဖြတ်ကာ အသင်း၏တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အာမက်ဒီရယ်လိုသည် ယခုဘောလုံးရာသီမတိုင်မီ ရာသီကြိုခြေစမ်းပွဲခရီးစဉ်တွင်လည်း မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် နည်းပြတန်ဟတ်၏ယုံကြည်မှုကိုရယူနိုင်ခဲ့ပြီး အသင်းမှ စီနီယာကစားသမားများကိုကျော်ဖြတ်ကာ အသင်း ဘယ်တောင်ပံတိုက်စစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် နှစ်ပွဲဆက်ပါဝင်ကစားခဲ့သူဖြစ်သည်။

ယခုဘောလုံးရာသီတွင် အာမက်ဒီရယ်လိုအနေဖြင့် နည်းပြတန်ဟတ်၏ယုံကြည်မှုနှင့်အတူ အဓိက ကစားသမားအဖြစ်ပါဝင်လာပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲဆက်ပါဝင်ကစားခွင့်ရရှိကာ နှစ်ပွဲစလုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

အာမက်ဒီရယ်လိုသည် ဩဂုတ်လအတွက်တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် မန်ယူအသင်းကစားသမားဘဝ တစ်လတာအကောင်းဆုံးကစားသမားဆုကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ မန်ယူအသင်း၏ ဩဂုတ်လတစ်လတာ အကောင်းဆုံးသွင်းဂိုးဆုကို မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ကစားသည့် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲစဉ်တွင် သွင်းယူနိုင်ခဲ့သည့်သွင်းဂိုးဖြင့် လူငယ်တောင်ပံကစားသမား ဂါနာချိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **Ref;Yahoo.com**

# ကိုမိုအသင်းက ဒူးဒဏ်ရာရရှိနေသည့် ဗာရန်းကို အသင်းကစားသမားစာရင်းမှချန်လှပ်

ရောမ စက်တင်ဘာ ၁

အီတလီစီးရီးအေကလပ် ကိုမိုအသင်းက ဒူးဒဏ်ရာရရှိနေသည့် ဗာရန်းကို စီးရီးအေပြိုင်ပွဲကစားမည့် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် ဗာရန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က မန်ယူအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ကိုမိုအသင်းထံ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဗာရန်းသည် ကိုမိုအသင်းနှင့်အတူ စီးရီးအေပြိုင်ပွဲတွင် တစ်ပွဲမျှ ပါဝင်ကစားပေးနိုင်ခြင်းမရှိသေးဘဲ အသင်းနှင့်အတူ ပထမဆုံးပွဲစဉ်အဖြစ် ကိုပါအီတာလီယာဖလားပွဲစဉ်အဖြစ်ကစားသော ကိုမိုအသင်းနှင့် ဆမ်ဒိုးရီးယားအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၂၃ မိနစ်တွင် ဒူးဒဏ်ရာရရှိပြီးနောက် အနားယူနေရသူဖြစ်သည်။

ဗာရန်းအနေဖြင့် ရရှိခဲ့သောဒူးဒဏ်ရာမှာ ပြင်းထန်သောကြောင့် ကာလရှည်အနားယူရမည်ဖြစ်သော်လည်း မည်သည့်အချိန်ထိအနားယူရမည်ကို မသိရှိရသေးသည့်အတွက် ကိုမိုအသင်းက အသင်းကစားသမားစာရင်းမှ ချန်လှပ်ပြီး လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလပြီးမှသာ ပူးပေါင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။ **Ref;Fabrizio Romano**

# အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် အွန်နရီနောက်ပိုင်း ရာသီအစ သုံးပွဲဆက် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့်ကစားသမားအဖြစ် ဆာကာမှတ်တမ်းဝင်

လန်ဒန် စက်တင်ဘာ ၁

အာဆင်နယ်အသင်း လူငယ်တောင်ပံကစားသမား ဆာကာသည် ပရီးမီးယားလိဂ်ပွဲစဉ်(၃)အဖြစ်ကစားသည့် အာဆင်နယ်အသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်တွင် အသင်းဖော် ကိုင်ဟာဗက်၏သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ပြီးနောက် အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် အွန်နရီနောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစ သုံးပွဲဆက် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဆာကာသည် အာဆင်နယ်အသင်းနှင့် ဘရိုက်တန်အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်သည့် ပွဲစဉ်တွင် ကိုင်ဟာဗက်သွင်းယူခဲ့သည့်ဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစ သုံးပွဲဆက် ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် ဆာကာသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ကစားသည့် ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် ကိုင်ဟာဗက်၏သွင်းဂိုးကိုလည်းကောင်း၊ ပွဲစဉ်(၂)အဖြစ်ကစားသည့် အက်စ်တွန်ဗီလာအသင်းနှင့်ပွဲစဉ်တွင် ပါတေး၏သွင်းဂိုးကိုလည်းကောင်း၊ ပွဲစဉ် (၃) အဖြစ်ကစားသည့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ကိုင်ဟာဗက်၏သွင်းဂိုးကိုလည်းကောင်း ဖန်တီးမှုပြုလုပ်ပေးနိုင်ပြီးနောက် သုံးပွဲဆက်ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်း သမိုင်းတစ်လျှောက် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အွန်နရီက ရာသီအစ သုံးပွဲဆက် ဂိုးဖန်တီးမှုပြုလုပ်နိုင်ပြီးနောက်ပိုင်း သုံးပွဲဆက်ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့်ကစားသမားမရှိဘဲ ယခုအခါမှသာ ဆာကာက ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းသည်လည်း ပထမပိုင်း၌ ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် သရေရလဒ်သာရရှိခဲ့သည့်အတွက် ဦးဆောင်ဂိုးသွင်းယူပြီး ၂၁ ပွဲဆက် နိုင်ပွဲစံချိန်မှာလည်း ရပ်တန့်ခဲ့ရကြောင်း သိရသည်။ **Ref;B/R Football**

# ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် လိုက်ပဇစ်အသင်းကိုရှုံးနိမ့်ပြီးနောက် လေဗာကူဆင်အသင်း၏ ရှုံးပွဲမရှိစံချိန်ရပ်တန့်ခဲ့ရ

ဘာလင် စက်တင်ဘာ ၁

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂)အဖြစ်ကစားသည့် လေဗာကူဆင်အသင်းနှင့် လိုက်ပဇစ်အသင်းတို့ပွဲစဉ်တွင် လေဗာကူဆင်အသင်းသည် ၃ ဂိုး - ၂ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ရှုံးပွဲမရှိစံချိန်ရပ်တန့်ခဲ့ရကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘောလုံးရာသီက လေဗာကူဆင်အသင်းသည် နည်းပြဇာဗီအလွန်ဆို၏လက်အောက်တွင် ပုံစံကောင်းများပြသနိုင်ခဲ့ကာ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် တစ်ရာသီစလုံး ရှုံးပွဲမရှိဘဲ ၃၄ ပွဲကစားရာ ၂၈ ပွဲအနိုင်ရရှိပြီး ခြောက်ပွဲသရေရလဒ်ဖြင့် ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို ရှုံးပွဲမရှိစံချိန်ဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ယခုဘောလုံးရာသီတွင်လည်း လေဗာကူဆင်အသင်းသည် ပွဲစဉ်(၁)အဖြစ် မိုချန်ဂလာဘတ်အသင်းနှင့်ကစားရာ မိနစ် ၉၀ အထိ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း နာကျင်အချိန်ပို ၁၁ မိနစ်တွင် ဖလိုရီယန်ဝက်ဇ်က လေဗာကူဆင်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၃၅ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

သို့သော် ၃၆ ပွဲမြောက်အဖြစ်ကစားသည့် လိုက်ပဇစ်အသင်းနှင့်ပွဲစဉ်တွင် လိုက်ပဇစ်အသင်းမှ ကစားသမားတစ်ဦး အနီကတ်ကြောင့် ထွက်ခွာခဲ့ရသည့်အတွက် လေဗာကူဆင်အသင်းက တစ်ဦးအသာဖြင့် ကစားခဲ့ရသော်လည်း ၃ ဂိုး-၂ ဂိုးဖြင့်ရှုံးနိမ့်ကာ ရှုံးပွဲမရှိစံချိန်ရပ်တန့်ခဲ့ရကြောင်း သိရသည်။

**Ref;Goal.com**




# ရေကြီးရေလျှံမှုကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တာချီလိတ် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဩဂုတ်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့်တောင်ကျရေများ စီးဆင်းမှုကြောင့် မယ်ဆိုင်ချောင်းရေမြင့်တက်ပြီး မြို့ပေါ်ရှိ ဗိုလ်ချုပ်လမ်းမကြီးအပါအဝင် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ရေကြီးရေလျှံမှုကြောင့် တင်ကျန်ရစ်သော အမှိုက်များနှင့်နွံ့ညွှန်များ ရှင်းလင်းနေမှုကို ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် တာလေ့ရပ်ကွက်အတွင်း တင်ကျန်ရစ်သော အမှိုက်များနှင့်နွံ့ညွှန်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက စက်ယန္တရားများဖြင့် ဝိုင်းဝန်းဖယ်ရှားရှင်းလင်းနေမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် အမှတ်(၁)ချစ်ကြည်ရေးတံတားအောက်မှ တာလေ့ရပ်ကွက်အတွင်းသို့ မယ်ဆိုင်ချောင်းရေမြင့်တက်ပြီး ရေဝင်ရောက်မှုအား ကာကွယ်နိုင်ရေးအတွက် ရေထိန်းနံရံတည်ဆောက်နိုင်ရေးနှင့် ပုန်းထွန်ရပ်ကွက်တွင် ရေထိန်းတံခါးတည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က လိုက်လံရှင်းလင်းပြသပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။



**သန်းဇော်(တာချီလိတ်)**

# မိုင်းခတ်မြို့နယ်၌ ကျေးရွာစာကြည့်တိုက် မြေနေရာပန္နက်တင် အခမ်းအနားကျင်းပ

**မိုင်းခတ် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ ဝမ်ခုတ်ကျေးရွာအုပ်စု ယန်းမိုင်(လားဟူ) ကျေးရွာ၌ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက် မြေနေရာ ပန္နက်တင် အခမ်းအနားကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေနေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်ထွေး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းနွယ်နီအောင်၊ မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိဦးအားဝေနှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာများတွင် ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းကြကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ကျိုင်းတုံ စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် ရပ်တော်မူဘုရား၌ သတင်းရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ အမှတ်(၁၄) တပ်ဖွဲ့ခွဲ(ရှမ်း) ဒုတပ်ဖွဲ့ခွဲ (ကျိုင်းတုံ)မှ ရဲမှူး ထိန်လင်းသိန်းစော ဦးဆောင်သော တပ်ဖွဲ့ဝင်များက ကျိုင်းတုံမြို့ရပ်တော်မူဘုရားရင်ပြင်နှင့် ပတ်ဝန်းကျင်တွင် ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများစုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# စိုက်ပျိုးရေးဆိုင်ရာများ တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဝမ်မောက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်း၌ဩဂုတ်လ ၃၁ ရက်ညနေပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာများ တောင်သူပညာပေးဆွေးနွေးပွဲကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်မာစိုးက ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးနည်းလမ်းများ၊ ကျိုင်းတုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရန်နှင့် မျိုးစေ့စုဆောင်းထားရှိမှုဆိုင်ရာများ၊ ခရိုင်မြေအသုံးချမှုတာဝန်ခံက သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းဆိုင်ရာများ၊ ခရိုင်မျိုးစေ့တာဝန်ခံက မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ် လုပ်ငန်းဆိုင်ရာများ၊ ခရိုင်ပိုးမွှားကာကွယ်ရေးတာဝန်ခံကကြွက်ကျရောက်မှုကာကွယ်နှိမ်နင်းရေးဆိုင်ရာများကို အသီးသီးဆွေးနွေးပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော တောင်သူ ၃၅ ဦးက သိလိုသည်များပြန်လည်မေးမြန်းရာ ကဏ္ဍအလိုက်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်းသိရသည်။ **မောင်အိုးစည်**



# မိုင်းခတ်မြို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မိုင်းခတ် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာလိုင်းကျေးရွာ၌ ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။



ထိုသို့ စစ်ဆေးရာတွင် မိုင်းခတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် တာဝန်ရှိသူများက ဖာလိုင်းကျေးရွာ၌ ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဖာလိုင်းကျေးရွာ၌ လမ်းအရှည်ပေ ၃၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မိုင်းခတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၀၈ သန်းအသုံးပြု၍ ၂၀၂၄ ခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးပါက ဖာလိုင်းကျေးရွာရှိ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

**လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၆၆)ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ခ - ၄၀၂၀၇၁

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဇ - ၃၃၆၈၄၂

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဆ - ၆၆၀၃၈၃

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀) ဆုများ

| | | | |
|---|---|---|---|
| ဂ | ၁၈၃၉၂၆ | ဃ | ၆၄၀၆၄၂ |
| ဆ | ၃၈၂၁၄၆ | ဈ | ၈၂၄၂၈ |
| င | ၅၅၉၀၃၄ | | |

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀) ဆုများ

| | | | |
|---|---|---|---|
| ဆ | ၂၇၆၇၈၂ | စ | ၃၉၅၆၇၄ |
| စ | ၂၉၄၃၇၃ | င | ၃၉၉၅၅၅ |
| ဃ | ၃၄၅၀၉၇ | ဇ | ၇၉၃၄၁၁ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀) ဆုများ

| | | | | | |
|---|---|---|---|---|---|
| င | ၁၂၃၉၅၇ | စ | ၅၅၉၂၆၈ | ဆ | ၇၆၁၀၃၀ |
| ခ | ၂၄၅၁၈၀ | ဈ | ၅၆၀၂၁၁ | ခ | ၇၆၃၀၆၄ |
| ဂ | ၅၀၉၅၄၆ | ခ | ၆၅၇၀၈၁ | စ | ၇၉၅၆၀၉ |
| ဈ | ၅၄၈၃၈၅ | | | | |

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀) ဆုများ

| | | | |
|---|---|---|---|
| ဂ | ၁၀၆၉၆၃ | စ | ၆၉၇၀၉၄ |
| က | ၁၁၈၆၅၁ | စ | ၈၀၄၄၉၁ |
| ဈ | ၁၄၂၁၃၃ | က | ၈၄၇၂၈၆ |
| ဃ | ၂၇၈၅၂၆ | ဃ | ၈၅၃၉၅၇ |
| က | ၃၃၁၈၅၅ | ဈ | ၈၈၅၃၄၅ |
| ဈ | ၅၁၁၉၀၃ | က | ၈၉၇၄၄၁ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀) ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဈ | ၁၂၂၄၄၅ | က | ၄၆၅၅၃၆ | ဇ | ၅၈၄၉၄၇ |
| စ | ၁၂၆၇၆၄ | ဇ | ၅၀၀၁၁၉ | ဈ | ၆၇၄၆၄၉ |
| င | ၂၁၇၂၄၀ | ခ | ၅၃၃၁၅၃ | ဃ | ၆၉၀၃၂၆ |
| ခ | ၂၂၆၂၅၈ | င | ၅၆၁၄၁၅ | ဃ | ၇၁၉၂၈၃ |
| င | ၂၉၃၅၅၃ | ဃ | ၅၆၆၂၁၉ | ဇ | ၇၇၂၇၃၂ |
| ဃ | ၃၄၁၇၁၈ | ဈ | ၅၈၂၃၉၇ | ဇ | ၈၀၂၇၁၆ |

### ဆုတစ်ဆုချင်းကျပ် (၁၀) သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ခ | ၁၂၂၆၉၅ | စ | ၅၄၅၄၆၆ | င | ၈၄၀၉၈၇ |
| ဃ | ၃၅၃၆၅၄ | က | ၅၈၉၈၃၈ | ဈ | ၉၁၈၃၅၃ |
| ဃ | ၄၀၅၂၄၀ | င | ၆၃၄၉၀၅ | င | ၉၄၁၄၆၆ |
| က | ၄၂၉၃၃၅ | ဂ | ၆၄၈၅၈၈ | ဈ | ၉၄၄၆၅၃ |
| ခ | ၄၃၃၉၅၁ | ဃ | ၈၃၅၇၆၇ | | |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၃) ယူနစ်

| | | | |
|---|---|---|---|
| က | ၃၄၉၃၀ | ဇ | ၉၈၆၂၅ |
| ဆ | ၉၅၄၆၄ | | |

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၃) ယူနစ်

| | | | |
|---|---|---|---|
| ဃ | ၃၀၅၆ | ဃ | ၉၂၅၃ |
| စ | ၃၉၅၄ | | |

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၈) ယူနစ်

| | | | | | |
|---|---|---|---|---|---|
| ဇ | ၁၃၉ | က | ၇၄၂ | ဃ | ၈၅၃ |
| ဇ | ၁၄၅ | ဆ | ၇၆၈ | ဂ | ၈၈၇ |
| ဂ | ၄၀၄ | င | ၈၀၉ | | |

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၃) ယူနစ်

| | | | |
|---|---|---|---|
| ဆ | ၄၀ | စ | ၇၅ |
| ခ | ၅၅ | | |

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

ဇ - ၃

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | |
|---|---|---|---|
| ခ | ၁၀၈၄၀၁ | ဂ | ၂၅၄၄၈၂ |
| ဆ | ၂၄၁၈၅၁ | င | ၂၇၀၂၃၈ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ခ - ၃၂၀၂၈    င - ၆၆၉၅၂

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

င - ၈၁၀၀
ဃ - ၈၅၁၆

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

ခ - ၁၈၁
ဃ - ၄၉၅

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် (၆၆) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၀၅၄၉၇) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၀၅၄၉၇)ဦးဖြစ်ပါသည်။

၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၆၇)ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉) လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅ ရာခိုင်နှုန်းဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၁၂၇၆) အုပ်ဖြစ်ပါသည်။

၄။ (၆၆) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၉-၂၀၂၄) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၂-၉-၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT
QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကိုဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကိုထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် ဒေသဝမ်းစာဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး စားရေရိက္ခာဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့်

စာမျက်နှာ ၅ ကော်လံ ၁ ⏭

